မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၈ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၄ ရက်၊ ၂၀၀၇ ခုနှစ်၊ မတ် ၂၁ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၆)၊ အမှတ် (၁၇၂)

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာကျူမာလီ၊ ဆိုင်ညဆွန်၏ ကိုယ်ရေးအတ္ထုပ္ပတ္တိအကျဉ်းချုပ်

လာအိုသမ္မတကြီး မစ္စတာ ကျူမာလီ၊ ဆိုင်ညဆွန်

လာအိုသမ္မတကြီး၏ဇနီး ဗိုလ်မှူးကီရော့ဆိုင်ကြိုင်၊ ဆိုင်ညဆွန်

နေပြည်တော် မတ် ၂၁

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၏ သမ္မတကြီး မစ္စတာ ကျူမာလီ၊ ဆိုင်ညဆွန်သည် ၁၉၃၆ ခုနှစ် မတ် ၆ ရက်တွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ အတ်တပိုပြည်နယ်၌ မွေးဖွားခဲ့သည်။ ၎င်းသည် ၁၉၆၄ ခုနှစ်တွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံရှိ အဆင့်မြင့်ကေဒါများဆိုင်ရာ စာမျက်နှာ ၃ ကော်လံ ၁

နိုင်ငံတော်နဲ့ နိုင်ငံသားတို့အတွက် အသက်ကို စွန့်လွှတ်ဖို့ သစ္စာအဓိဋ္ဌာန်ပြုထား

ငါတို့ဟာ နိုင်ငံတော်နဲ့ နိုင်ငံသားတို့အတွက် အသက်ကို စွန့်လွှတ်ဖို့ သစ္စာအဓိဋ္ဌာန်ပြုထားကြသူတွေဖြစ်တယ်။ တိုင်းပြည်အတွက် အသက်ကို စွန့်လွှတ်ရခြင်းထက် ကြီးမြတ်တဲ့ဂုဏ်ဆိုတာ မရှိကြောင်း ခံယူထားကြသူတွေဖြစ်တယ်။ ဒါကြောင့် နိုင်ငံသားတို့ရဲ့ အသက်အိုးအိမ် စည်းစိမ်လုံခြုံရေးအတွက်သော်လည်းကောင်း၊ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာခိုင်မာရေးအတွက်သော်လည်းကောင်း ရန်သူနဲ့ရင်ဆိုင်ခဲ့ရသော် **ရဲရဲတက်၊ ရဲရဲတိုက်၊ ရဲရဲချေမှုန်း**ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ ရဲစွမ်းသတ္တိကို ပြကြရမယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၄၉)
သင်တန်းဆင်းပွဲမိန့်ခွန်းမှ–

နိုင်ငံတော်က ပြည်သူများ၏အကျိုးစီးပွားဖြစ်ထွန်းရေး စေတနာရှေ့ထား ကြိုးပမ်းလျက်ရှိ မြစ်ကူး ချောင်းကူးတံတားကြီးများသည် ပြည်သူများအပေါ်ထားရှိသော မေတ္တာစေတနာသင်္ကေတများဖြစ်

လမ်းပန်းဆက်သွယ်ရေး တိုးတက်လာမှုသည် ဖွံ့ဖြိုးမှုအလားအလာကောင်းများကို တန်ဖိုးမြှင့်တင်ပေးနိုင် ဖွံ့ဖြိုးမှုအခြေခံကောင်းများကို အကျိုးရှိစွာ အသုံးချ၊ လူမှုစီးပွားဘဝတိုးတက်ရေး ဆက်လက်ကြိုးပမ်း

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဖျာပုံတံတားဖွင့်ပွဲအခမ်းအနား တက်ရောက်မှာကြား

ရန်ကုန် မတ် ၂၀

(၆၂)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားတည်ဆောက်ရေးစီမံကိန်း အထူးအဖွဲ့(၇)က တာဝန်ယူတည်ဆောက်ပြီးစီးသွားသော ဖျာပုံတံတားဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇နာရီ ၄၅ မိနစ်တွင် အဆိုပါတံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားပြီး တံတား၏ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ *ကျောဖုံးသို့*

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၇ ခုနှစ်၊ မတ်လ ၂၁ ရက်)

ရေအားလျှပ်စစ် စီမံကိန်းကြီးများ ဆောလျင်စွာပြီးစီးရေး ကြိုးပမ်းဖော်ဆောင်

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တာဝန်ယူတည်ဆောက်လျက်ရှိသည့် စေတုတ္တရာ မြို့နယ်ရှိ မုန်းချောင်း ရေလှောင်တမံ ဘက်စုံစီမံကိန်းမှာ တည်ဆောက်ပြီးစီးနေပြီ ဖြစ်သည်။

မုန်းချောင်း ရေလှောင်တမံစီမံကိန်းများတွင်ပါဝင်သည့် ဖူးရှာရေလှောင်တမံစီမံကိန်း၊ အထက် ဖူးရှာရေလှောင်တမံစီမံကိန်းနှင့် ကြီးအုံ-ကြီးဝ ရေလှောင်တမံ ဘက်စုံစီမံကိန်းတို့ကို ဆက်လက် အကောင်အထည်ဖော်လျက် ရှိသည်။

စေတုတ္တရာမြို့ မြောက်ဘက် ၁၅ မိုင်ခန့်အကွာ ဖူးရှာအနီး မုန်းချောင်းပေါ်၌ ဖူးရှာ ရေလှောင်တမံစီမံကိန်းကို တည်ဆောက်လျက်ရှိပြီး စီမံကိန်းပြီးစီးပါက လျှပ်စစ်ဓာတ်အား ၄၂ မဂ္ဂါဝပ် ထုတ်ယူရရှိမည် ဖြစ်သည်။

ဖူးရှာ ရေလှောင်တမံစီမံကိန်းသည် နှစ်စဉ် ပျမ်းမျှလျှပ်စစ်စွမ်းအားကီလိုဝပ်နာရီ သန်းပေါင်း ၁၉၅ သန်း ထုတ်လုပ်ပေးနိုင်မည်သာမက မုန်းချောင်းရေလှောင်တမံစီမံကိန်း၏ မူလနှစ်စဉ် ထုတ်လုပ်မည့် ဓာတ်အားအပြင် တစ်နှစ် ကီလိုဝပ်နာရီသန်းပေါင်း ၇၀ ခန့် ထပ်မံတိုးချဲ့ထုတ်လုပ်သွားရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ကြီးအုံ-ကြီးဝ ရေလှောင်တမံစီမံကိန်းကို ပွင့်ဖြူမြို့နယ်ရှိ မဲဇလီရေလွှဲဆည် အထက်ငါးမိုင်ခန့်အကွာ မုန်းချောင်းပေါ်၌ အကောင်အထည်ဖော်လျက်ရှိရာ ရာခိုင်နှုန်း ၅၀ ပြီးစီးနေပြီ ဖြစ်သည်။ အဆိုပါ စီမံကိန်းသည် ရေအားလျှပ်စစ်စွမ်းအားနှင့် လယ်မြေများကို စိုက်ပျိုးရေ ပေးဝေနိုင်မည့် ဘက်စုံစီမံကိန်း ဖြစ်သည်။ စိုက်ပျိုးမြေဧက ၉၆၀၀၀ ကျော်ကို ဆည်ရေပေးဝေနိုင်မည့်အပြင် ရေအားလျှပ်စစ်ဓာတ်အား ၇၄ မဂ္ဂါဝပ် ထုတ်ယူရရှိမည် ဖြစ်သည်။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်စေရေးတွင် အဓိကလိုအပ်သည့် လျှပ်စစ်စွမ်းအားတိုးမြှင့်ထုတ်လုပ် ဖြည့်ဆည်းပေးနိုင်ရန်အတွက် စီမံကိန်းများကို စဉ်ဆက်မပြတ်ဖော်ဆောင်ပေးလျက်ရှိရာ ရေအားလျှပ်စစ် ဘက်စုံစီမံကိန်းကြီးများ သတ်မှတ်ချိန်ထက် ဆောလျင်စွာပြီးစီးသည်နှင့်အမျှ ပြည်သူများ၏ လူမှုစီးပွားဘဝ ပိုမိုတိုးတက်မြင့်မားလာမည် ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကိုရီးယားနှင့်အီရန်တို့၏ နျူကလီးယားအစီအစဉ် အိုင်အေအီးအေ အကြီးအကဲနှင့်တရုတ် အမြင်ချင်းဖလှယ်

ပေကျင်း မတ် ၂၀

ကိုရီးယားကျွန်းဆွယ်နှင့် အီရန်တို့၏ နျူကလီးယားအစီအစဉ်နှင့်စပ်လျဉ်း၍ နိုင်ငံတကာ အဏုမြူစွမ်းအင် အေဂျင်စီ (အိုင်အေအီးအေ)အကြီးအကဲ အယ်ကာရာဒေးသည် တရုတ်လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ကူရှန်ကိုင်းနှင့် မတ် ၁၆ ရက် နံနက်က အမြင်ချင်းဖလှယ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ကင်က ပုံမှန်သတင်းစာရှင်းလင်းပွဲတွင် မတ် ၁၆ ရက်က ပြောကြားသည်။

ဖိတ်ကြား

မြောက်ကိုရီးယားနိုင်ငံ၏ ဖိတ်ကြားချက်အရ မစ္စတာကာရာဒေးသည် မြောက်ကိုရီးယားနိုင်ငံသို့ မတ် ၁၃ ရက်နှင့် ၁၄ ရက်က သွားရောက်ခဲ့သည်။

ရောက်ရှိ

အိုင်အေအီးအေ အကြီးအကဲ အယ်ကာရာဒေး၏ ယင်းမြောက်ကိုရီးယား ခရီးစဉ်မှာ ၁၉၉၂ ခုနှစ် နောက်ပိုင်း ပထမဆုံးအကြိမ် ဖြစ်သည်။ အယ်ကာရာဒေးသည် မတ် ၁၄ ရက်တွင် ပေကျင်းမြို့သို့ ရောက်ရှိသည်။

မတ် ၁၆ နံနက်တွင် ခြောက်နိုင်ငံ ဆွေးနွေးပွဲဆိုင်ရာ အမေရိကန် ဓေ့စပ်ရေးမှူး ခရစ္စတိုဖာဟီးလ်နှင့် တွေ့ဆုံကြမည်။

အမ်အင်န်အေ၊ဆင်ဟွာ

စပိန်နိုင်ငံတစ်ဝန်း၌ စစ်ဆန့်ကျင်ရေးဆန္ဒပြ

မက်ဒရစ် မတ် ၂၀

စပိန်နိုင်ငံတစ်ဝန်း မြို့ကြီးများ၌ စစ်ဆန့်ကျင်ရေးဆန္ဒပြပွဲများကို ပြည်သူ ထောင်ပေါင်းများစွာက အီရတ်ကို အမေရိကန်တို့ ကျူးကျော်ခဲ့သည့် လေးနှစ် မြောက်အထိမ်းအမှတ်အဖြစ် ဥရောပ၏အကြီးမားဆုံး စစ်ပွဲဆန့်ကျင်ရေး ဆန္ဒပြ ပွဲကြီး တစ်ရပ်ကို မတ်၁၇ ရက်က ပြုလုပ်ခဲ့ကြသည်။

စပိန်နိုင်ငံ မက်ဒရစ်မြို့တွင် စစ်ဆန့်ကျင်ရေးဆန္ဒပြသူ လေးသိန်းခန့်တို့က စုဝေးကာ အီရတ်စစ်ပွဲ ဆန့်ကျင်ရေးဆန္ဒပြပွဲကြီး ပြုလုပ်ခဲ့ကြသည်။

ကိုင်ဆောင်

ထို့အတူ စပိန်နိုင်ငံရှိ အခြား မြို့ကြီးများဖြစ်သော ဘာစီလိုနာ၊ ဗလင်စီယာနှင့် စီဗီလာမြို့တို့တွင်လည်း ရာနှင့်ချီသော ဆန္ဒပြသမားများက စစ်ပွဲဆန့်ကျင်ရေးဆန္ဒပြပွဲများ ပြုလုပ်ခဲ့ကြသည်။ စစ်ဆန့်ကျင်ရေး ဆန္ဒပြသူများက အီရတ်ကို ကျူးကျော်ထားမှု အဆုံးသတ်၊ ဂွမ်တာနာမို အကျဉ်းစခန်း ပိတ်ပစ်ဟူသောစာတမ်းများကိုင်ဆောင်ကြွေးကြော်ကာ ဆန္ဒပြခဲ့ကြသည်။

ဆန္ဒပြ

ထို့အတူ စစ်ဆန့်ကျင်ရေးဆန္ဒပြသူများသည် ၂၀၀၄ ခုနှစ်မတ်၁၁ရက်က မီးရထားဗုံးဖောက်ခွဲ တိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ရသူ ၁၉၁ဦး အတွက်လည်း လမ်းလျှောက် ဆန္ဒပြခဲ့ကြသည်။

အမ်အင်န်အေ၊ရိုက်တာ

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၁-၃-၂၀၀၇
(ဗုဒ္ဓဟူးနေ့)

- ၇:၀၀ MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
- ၇:၀၅ အရှုံးနှင့်အမြတ်တရားတော် (ကျောက်ပန်းတောင်းဆရာတော် အရှင်ကုမာရ)
- ၈:၁၀ ICT CARAVAN (2007) (ဘားအံခရီးစဉ်)
- ၈:၂၀ တေးဂီတအစီအစဉ်
- ၈:၂၅ နိုင်ငံတကာအနုပညာရေးရာ
- ၈:၅၅ မြန်မာ့အကအခြေခံ ကဗျာလွတ်ကဟန် (အမျိုးသား)
- ၉:၀၅ ပြည်တွင်းသတင်းအကျဉ်း
- ၉:၁၅ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၉:၄၀ နိုင်ငံတကာသတင်းအကျဉ်း
- ၉:၄၅ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ (အဖေတူသား)
- ၁၀:၁၀ မိုးလေဝသခန့်မှန်းချက်
- ၁၀:၁၅ တေးဂီတအစီအစဉ်
- ၁၀:၂၀ Midweek Sports News
- ၁၀:၄၀ ပြည်တွင်းသတင်းအကျဉ်း
- ၁၀:၅၀ တေးဂီတအစီအစဉ်
- ၁၀:၅၅ ထူးခြားသွင်ပြင် သတ္တုပန်းပုရုပ်သွင်
- ၁၁:၁၀ ကုန်ပစ္စည်းသစ်မိတ်ဆက်
- ၁၁:၃၀ နိုင်ငံတကာသတင်းအကျဉ်း
- ၁၁:၃၅ သီးနှံစိုက်ပျိုးအထွက်တိုး "ခြိစည်းရိုးကြက်ဆူပင်"
- ၁၁:၄၅ တေးဂီတအစီအစဉ်
- ၁၁:၅၀ သူတို့ပြောတဲ့သူတို့အကြောင်း (စာရေးဆရာ မျိုးကိုမျိုးနှင့် တွေ့ဆုံခြင်း)
- ၁၂:၀၅ ဆုံစည်းခွင့် (မင်းထက်ကျော်ဇင်၊ ဖိုးသောကြာ၊ အကယ်ဒမီ မြတ်ကေသီအောင်၊ ချစ်သုဝေ)
- ၁၂:၂၀ တေးဂီတအစီအစဉ်
- ၁၂:၂၅ စွန့်ပစ်ပစ္စည်းအကျိုးရှိစေမှာ ဓိဝဓာတ်ငွေ့ ပေါင်းအိုးပါ
- ၁၂:၄၀ တေးဂီတအစီအစဉ်
- ၁၂:၄၅ တစ်ပိုင်တစ်နိုင်မွေးမြူစိုက်ပျိုး ဝင်ငွေတိုး
- ၁:၀၀ MRTV-4 အပိတ် Logo

အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ဒေါပုံမြို့နယ် ဗိုလ်ထွန်းဇံရပ်ကွက် မင်းနန္ဒာလမ်း အမှတ်(၂၇)နေ ကွယ်လွန်သူ ဒေါ်တင်လှအားရည်စူး၍ ဦးအောင်ဆန်း-ဒေါ်ဖြူဖြူမိသားစုတို့က ဆွမ်းပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဝင် ဦးချစ်မြိုင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြား

၂၁-၃-၂၀၀၇ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
- ၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၅ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၃၀ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၅၀ ၅။ မျိုးချစ်တပ်မတော်
- ၅:၁၀ ၆။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
- ၅:၂၀ ၇။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၅:၃၀ ၈။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၅:၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၂။ မိုးလေဝသသတင်း
- ၆:၂၅ ၁၃။ လျှပ်တစ်ပြက်
- ၆:၃၅ ၁၄။ လှုပ်လှုပ်ရှားရှား ပုံရိပ်များ
- ၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မြစ်တစ်စင်းရဲ့သံစဉ်** (အပိုင်း-၃၂)
- ၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၈။ English Usage
- ၁၉။ ဗီစီဒီကျော်ကြားတေးများ
- ၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဝေဟင်ချစ်သူ** အပိုင်း(၁၄)

● ရှေ့ဖုံးမှ

နိုင်ငံရေးသင်တန်းကျောင်းသို့လည်းကောင်း၊ ၁၉၇၈ ခုနှစ်တွင် ဆိုဗီယက်ပြည်ထောင်စုရှိ နိုင်ငံရေးနှင့် အုပ်ချုပ်မှုဆိုင်ရာသိပ္ပံသို့လည်းကောင်း၊ ၁၉၈၃ ခုနှစ်တွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံရှိ နိုင်ငံရေးနှင့် အုပ်ချုပ်မှုဆိုင်ရာသိပ္ပံသို့လည်းကောင်း တက်ရောက်၍ ပညာဆည်းပူးခဲ့သည်။

သမ္မတကြီးသည် ၁၉၅၄ ခုနှစ်တွင် လာအိုတော်လှန်ရေးလှုပ်ရှားမှု၌ စတင်ပါဝင်ခဲ့ပြီး ၁၉၅၅ ခုနှစ်တွင် လာအိုပြည်သူ့တော်လှန်ရေးပါတီ အဖွဲ့ဝင်ဖြစ်လာခဲ့သည်။ ၁၉၅၅ခုနှစ်မှ ၁၉၅၆ ခုနှစ်အထိ ၎င်းသည် တော်လှန်ရေးအခြေခံစခန်းများနှင့် လွတ်မြောက်နယ်မြေများကို အကာအကွယ်ပေးမှုတွင် ပါဝင်ဆောင်ရွက်ခဲ့ပြီး ၁၉၅၉ ခုနှစ်တွင် ကာကွယ်ရေးတပ်ဖွဲ့ ဒုတိယခေါင်းဆောင်အဖြစ်တာဝန်ယူခဲ့သည်။ ၁၉၆၂ ခုနှစ်တွင် အမှတ်(၅)တပ်ရင်း၏ နိုင်ငံရေးရာကိစ္စများကို တာဝန်ယူခဲ့ပြီး ၁၉၆၄ခုနှစ်တွင် အမှတ်(၂) တပ်ရင်း၏ တပ်ရင်းမှူးအဖြစ် ထမ်းဆောင်ခဲ့သည်။ ၁၉၆၈ခုနှစ်မှ ၁၉၇၅ ခုနှစ်အထိ ဆင်ခွမ်ခရိုင် ပူးတွဲစစ်ဦးစီးမှူးအဖြစ်လည်းကောင်း၊ ၁၉၇၅ ခုနှစ်တွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတ နိုင်ငံထူထောင်ရန် တစ်ပြည်လုံးလွတ်မြောက်ရေးကြိုးပမ်းမှုတွင် ဆင်ခွမ်ခရိုင်တာဝန်ခံ ပူးတွဲစစ်ဦးစီးမှူးအဖြစ်လည်းကောင်း ပါဝင်ဆောင်ရွက်ခဲ့သည်။

သမ္မတကြီးသည် ၁၉၈၀ ပြည့်နှစ်မှ ၁၉၈၂ ခုနှစ်အထိ အမျိုးသားကာကွယ်ရေးဝန်ကြီးဌာနရှိ စစ်ဦးစီးဌာနတွင် ဒုတိယဌာနကြီးမှူးတာဝန်များကိုထမ်းဆောင်ခဲ့ပြီး ၁၉၈၂ ခုနှစ်တွင် လာအိုပြည်သူ့တော်လှန်ရေးပါတီ၏ တတိယအကြိမ် ပါတီကွန်ဂရက်တွင် လာအိုပြည်သူ့တော်လှန်ရေး ပါတီဗဟိုကော်မတီအဖွဲ့ဝင်အဖြစ် ရွေးချယ်ခြင်းခံခဲ့ရသည်။ ၎င်းသည် ၁၉၈၆ ခုနှစ်တွင် လာအိုပြည်သူ့တော်လှန်ရေးပါတီ၏ စတုတ္ထအကြိမ်ပါတီကွန်ဂရက်၌ ပါတီဗဟိုကော်မတီအလုပ်အမှုဆောင်ပေါ်လစ် ဗျူရိုအဖွဲ့ဝင်အဖြစ် အရွေးခံရပြီး အမျိုးသားကာကွယ်ရေးဝန်ကြီးဌာနတွင် ပထမ၊ ဒုတိယဝန်ကြီးအဖြစ်ခန့်အပ်ခြင်းခံ ခဲ့ရသည်။

၁၉၉၁ ခုနှစ်တွင်ကျင်းပသော ပဉ္စမအကြိမ်ပါတီကွန်ဂရက်၌ ပေါ်လစ်ဗျူရိုအဖွဲ့ဝင်အဖြစ် ရွေးချယ်ခြင်းခံခဲ့ရပြီး ကာကွယ်ရေးဝန်ကြီးအဖြစ်ဆက်လက်ခန့်အပ်ခြင်းခံရသည်။ ၂၀၀၁ ခုနှစ်တွင်ကျင်းပသည့် သတ္တမအကြိမ်မြောက် ပါတီကွန်ဂရက်၌ ပေါ်လစ်ဗျူရိုအဖွဲ့ဝင်အဖြစ်ပြန်လည်ရွေးချယ်ခြင်းခံရပြီးနောက် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၏ ဒုတိယသမ္မတအဖြစ်ခန့်အပ်ခံခဲ့ရသည်။ ထို့နောက် ၂၀၀၆ ခုနှစ်တွင်ကျင်းပသော အဋ္ဌမအကြိမ်ပါတီကွန်ဂရက်၌ လာအိုပြည်သူ့တော်လှန်ရေးပါတီ ဗဟို ကော်မတီတွင် အထွေထွေအတွင်းရေးမှူးချုပ်အဖြစ် အရွေးခံခဲ့ရပြီး ဆဋ္ဌမအကြိမ် ဥပဒေပြုအမျိုးသားလွှတ်တော် အစည်းအဝေးက ၎င်းအား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၏ သမ္မတကြီးအဖြစ် ရွေးချယ်ခန့်အပ်ခဲ့သည်။

သမ္မတကြီး မစ္စတာ ကျူမာလီ၊ ဆိုင်ညဆွန်သည် ဗိုလ်မှူးကီရော့ဆိုင်ကြိုင်၊ဆိုင်ညဆွန်နှင့် အိမ်ထောင်ကျခဲ့ပြီး သားသုံးဦးနှင့် သမီးငါးဦးတို့ထွန်းကားခဲ့သည်။

(သတင်းစဉ်)

❐ ကျောဖုံးမှ

ထို့ကြောင့် (၆၂)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု ရုပ်မြင်သံကြား ဇာတ်လမ်းအား ရိုက်ကူးသူ ဒါရိုက်တာ အကယ်ဒမီ ပန်းချီစိုးမိုးနှင့် ဇာတ်ညွှန်းရေးသားသူ ထပ်ဆင့် အကယ်ဒမီငြိမ်းမင်းတို့အား တွေ့ဆုံမေးမြန်းခဲ့ပါသည်။

“အဖေတူသား” ရုပ်မြင်သံကြား ဇာတ်လမ်း ရိုက်ကူးသူ ဒါရိုက်တာ အကယ်ဒမီပန်းချီစိုးမိုးအား (၆၂)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုရုပ်မြင်သံကြားဇာတ်လမ်းရိုက်ကူးရမှုအပေါ် မေးမြန်းရာ “ကျွန်တော် ဒီဇာတ်ကားကို ယုံယုံကြည်ကြည်နဲ့ ရိုက်ကူးခဲ့တာပါ။ နိုင်ငံ့အကျိုးပြု ရုပ်ရှင်ဇာတ်လမ်း ရိုက်ကူးတဲ့အခါမှာကြည့်ရှုတဲ့ ပရိသတ်နဲ့ တပ်မတော်သားတွေအတွက် အကျိုးရှိစေမယ့် အများပြည်သူ လူတန်းစားမရွေး နှစ်သက်မှု ဖြစ်စေပြီး ပြည်သူတွေ သတိပြု၊ သတိချပ်စေဖို့ ရိုက်ကူးတင်ပြလိုက်တာပါ”ဟု ဒါရိုက်တာ အကယ်ဒမီ ပန်းချီစိုးမိုးက ပထမဦးစွာရှင်းပြသည်။

တပ်ကြပ်ကြီး ရဲတင့်အဖြစ် အကယ်ဒမီလူမင်း၏ စွန့်လွှတ်စွန့်စားသော သရုပ်ဆောင်မှု တစ်ကွက်။

သည်းထိတ်ရင်ဖို

ရုပ်မြင်သံကြားမှ တစ်ပိုင်းစ၊ နှစ်ပိုင်းစ ကြည့်ရှုရသည်ကပင် ဆွဲဆောင်မှုရှိပြီး စိတ်ဝင်စားဖွယ်ကောင်းလှသည်။ စိတ်လှုပ်ရှားဖွယ် ဇာတ်ဝင်ခန်းများစွာကလည်း သည်းထိတ်ရင်ဖို ရှိလှသည်။

အခြေခံ

ဆက်လက်၍ ဒါရိုက်တာ အကယ်ဒမီ ပန်းချီစိုးမိုးက “ဒီဇာတ်လမ်းက တကယ့်အဖြစ်အပျက်ကို အခြေခံပြီး ရိုက်ကူး ထားတာပါ။ တပ်မတော်သားတွေ သေသေကျေကျေ ရှုပ်ရှုပ်ချုံချုံနဲ့ တိုက်ခိုက်ခဲ့တဲ့ စီစီဝမ်-တာပန်တိုက်ပွဲ၊ ဒီတိုက်ပွဲမှာ ပြည်သူတွေနဲ့ ကြက်ခြေနီတွေကူညီခဲ့ကြပုံ၊ အောင်ပွဲရရှိခဲ့ပုံတွေ၊ဒါတွေအားလုံးဟာ တကယ့်အဖြစ်မှန်တွေပါ၊ ဒါကိုအခြေခံပြီး ရိုက်ကူးခဲ့ခြင်းဖြစ်ပါတယ်”ဟု ပြောကြားသည်။

ဒါရိုက်တာ အကယ်ဒမီ ပန်းချီစိုးမိုးသည် နှစ်(၆၀)ပြည့် တပ်မတော်နေ့ဂုဏ်ပြု ရုပ်မြင်သံကြားဇာတ်လမ်းဖြစ်သည့် **“သူရဲကောင်းများထွန်းကားသည်”** (၆၁)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု ရုပ်မြင်သံကြား ဇာတ်လမ်းဖြစ်သည့် **“သားကောင်းမိခင်”** နှင့် ယခု(၆၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြု ရုပ်မြင်သံကြား ဇာတ်လမ်းဖြစ်သော **“အဖေတူသား”**ကို ဆက်တိုက်ရိုက်ကူးခဲ့သူဖြစ်သည်။

“စီစီဝမ်-တာပန် တိုက်ပွဲကြီး ဖြစ်ပွားခဲ့တဲ့ နေရာတွေအထိ သွားပြီး လေ့လာ ခဲ့ရတယ်”

ဇာတ်ညွှန်း- အကယ်ဒမီ ငြိမ်းမင်း

ယခု ရုပ်မြင်သံကြားဇာတ်လမ်းကို အားထည့်ရိုက်ကူးမှုနှင့် ပတ်သက်ပြီး ဒါရိုက်တာ အကယ်ဒမီပန်းချီစိုးမိုးက “ဒါရိုက်တာသက်တမ်း နှစ် ၄၀မှာ ကျွန်တော့်အနုပညာ အရင်းအနှီး အင်မတန်ကြီးတဲ့ ရုပ်မြင်သံကြားဇာတ်လမ်း ဖြစ်ပါတယ်။ စစ်ကားကို တကယ်ပီပီပြင်ပြင် ရိုက်ကူးခဲ့တဲ့အတွက် တကယ့်တိုက်ပွဲမှာ တပ်မတော်သားတွေရဲ့ လှုပ်ရှားမှု အတိုင်း ပရိသတ်ရင်ထဲရောက်အောင် ရိုက်ကူးထားတာပါ၊ နိုင်ငံ့အကျိုးပြု ဇာတ်ကားရိုက်တဲ့အခါ အကြောင်းအရာ၊ အချက်အလက်တွေ ခိုင်လုံအောင် ရိုက်ကူးထားပြီး ဒီဇာတ်ကားကို လွတ်လွတ်လပ်လပ် စိတ်တိုင်းကျ ရိုက်ကူးခဲ့တာပါ”ဟု ပြောကြားသည်။

စီစီဝမ်-တာပန် တိုက်ပွဲဝင် ဇာတ်ဝင်ခန်း တစ်ခန်း။

အကယ်ဒမီငြိမ်းမင်း

တိုက်ပွဲအခန်းများကို နှစ်သက်သည့် ပရိသတ်အတွက်လည်း တစ်ဝကြီး ကြည့်ရှုရမည့်ဇာတ်ကားကောင်းပင် ဖြစ်သည်။ ထို့နောက် **“အဖေတူသား”** ရုပ်မြင်သံကြား ဇာတ်လမ်း ဇာတ်ညွှန်းရေးသားသူ အကယ်ဒမီ ငြိမ်းမင်းနှင့်လည်း သွားရောက်တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။

(၆၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြု ရုပ်မြင်သံကြားဇာတ်လမ်း ဇာတ်ညွှန်းရေးဖွဲ့မှုအပေါ် အကယ်ဒမီ ငြိမ်းမင်းက “မူလဝတ္ထု ရေးသားထားတဲ့အပေါ် အားလုံး ညှိနှိုင်းပြီး ဇာတ်ညွှန်းရေးဖွဲ့တာပါ။ အဓိက အချက်ကတော့ ပြည်သူလူထုပါဝင်တဲ့ တိုက်ပွဲတွေဟာ အောင်မြင်မှု ရရှိခဲ့တယ်ဆိုတာ စီစီဝမ်-တာပန် တိုက်ပွဲကြီးက ပြသနေပုံကိုအဖြစ်မှန်အတိုင်း သိရအောင် အဲဒီနေရာဒေသကို သွားပြီး မေးမြန်းလေ့လာခဲ့ရတယ်။ ဇာတ်ဝင်ခန်းတိုင်းအတွက် စကားလုံးတွေကို ပီပီ ပြင်ပြင်ဖြစ်စေဖို့ အထပ်ထပ် ပေါင်းစပ်ညှိနှိုင်းရေးသားခဲ့ရပါတယ်။

“ကျွန်တော် ဒီဇာတ်ကားကို ယုံယုံကြည်ကြည်နဲ့ ရိုက်ကူးခဲ့တာပါ”

ဒါရိုက်တာ- အကယ်ဒမီ ပန်းချီစိုးမိုး

စီစီဝမ်-တာပန် တိုက်ပွဲကြီး၌ တပ်မတော်သားများ၏ စွန့်လွှတ်စွန့်စား တိုက်ပွဲဝင်ခဲ့ကြမှု၊ တိုက်ပွဲဖြစ်ပွားစဉ် တပ်မတော်သားများအား တိုင်းရင်းသားပြည်သူများက ထမင်းထုပ်များ ပေးပို့ခဲ့မှု၊ ဒဏ်ရာရ တပ်မတော်သားများအား ကြက်ခြေနီများက ထမ်းပိုးသယ်ယူကာ ဆေးရုံပို့ပေးမှုများကို တကယ့် အဖြစ်အပျက်အတိုင်း မြင်တွေ့ကြရမည်ဖြစ်သည်။

တပ်ကြပ်ကြီး ရဲတင့်၏ဇနီးအဖြစ် ပန်းဖြူနှင့် ငယ်စဉ်ဘဝ သားဖြစ်သူ အဖြစ် သရုပ်ဆောင်ထားသည့် ဟဲဗီးဖြိုးတို့ကလည်း ခံစားမှုအပြည့်ဖြင့်။

ယခုဇာတ်ကား၌ စကားလုံးရေးဖွဲ့မှုနှင့် ပတ်သက်၍လည်း အဓိက ဇာတ်ဆောင် တပ်ကြပ်ကြီး ရဲတင့်က သူ့သားငယ်အား ဆုံးမသည့်စကားများနှင့်ပတ်သက်၍ “ငါ့သား တချို့လူတွေက အခုသစ်ပင်စိုက်ပြီး တစ်ခဏအတွင်း အရွက်အသီး စားချင်တဲ့လူတွေရှိတယ်၊ တချို့ကျတော့ အခုသစ်ပင်စိုက်ပြီးအချိန်ကြာမှ အရွက်အသီးစားကြရတဲ့သူတွေရှိသလို တချို့ကျတော့လည်း အရိပ်၊ အသီး၊ အရွက်လုံးဝမစားရဘဲ နောက်နောင် လူတွေစားသုံးနိုင်ကြဖို့ စိုက်ခဲ့ကြတဲ့သူတွေရှိတယ်”ဟူသော စကားလုံးများကို ဇာတ်ညွှန်း၌ ထပ်ဆင့်အကယ်ဒမီ ငြိမ်းမင်းက ရေးဖွဲ့ခဲ့သည်။

ထို့ပြင် ထပ်ဆင့်အကယ်ဒမီ ငြိမ်းမင်းက ဇာတ်ဆောင် တပ်ကြပ်ကြီး ရဲတင့်(အကယ်ဒမီလူမင်း)နှင့် သူ့သား ပြည်ငြိမ်းအေး(အကယ်ဒမီ မင်းမော်ကွန်း)တို့ တိုက်ပွဲအတွင်း အချီအချစကားပြောမှုတွင် “မင်း ဒီနေရာမှာ မျက်ရည်ကျစရာမလိုဘူး၊ ဒီနေရာမှာ ဒဏ်ရာရထားတာတွေ၊ သွေးစက်တွေ ကျထားတာ တွေရှိနေတယ်။ ဒါကြောင့် ဒီနေရာ မင်းမျက်ရည်ကျရင် မြေကြီးကို သစ္စာဖောက်ရာကျမယ်၊ နောက်ပြီး ဒီနေရာမှာ ဆုတံဆိပ်တွေ၊ အခွင့်အရေးတွေ မရှိဘူး၊ ပေးဆပ်ဖို့ သက်သက်ပဲရှိတယ်”ဟု တပ်ကြပ်ကြီးရဲတင့်က ပြောခဲ့သည့်စကားလုံးများကိုလည်း ထည့်သွင်းထားကြောင်း ပြောကြားသည်။

တင်ဆက်ပြသမည်

စီစီဝမ်-တာပန် တိုက်ပွဲကြီးကို အခြေခံကာ ပြောင်မြောက်စွာ ရိုက်ကူးထားသော **“အဖေတူသား”**ရုပ်မြင်သံကြားဇာတ်လမ်း၌ တပ်ကြပ်ကြီး ရဲတင့်(အကယ်ဒမီလူမင်း)၊ သားဖြစ်သူ ပြည်ငြိမ်းအေး၊ တပ်ကြပ်ကြီး ရဲတင့်၏ ဇနီး မြနှင်းဆီ (အကယ်ဒမီ ပန်းဖြူ) တို့၏ ပိုင်နိုင်စွာ သရုပ်ဆောင်မှုများ၊ တိုက်ပွဲများ၊ တပ်ကြပ်ကြီးရဲတင့်၏ တိုင်းချစ်ပြည်ချစ်စိတ်ကြီးမားပုံ၊ စွန့်လွှတ်စွန့်စားခဲ့ပုံများ၊ တပ်ကြပ်ကြီးရဲတင့်၏ တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး ဝင်းသော် အဖြစ် အကယ်ဒမီ ဇင်ဝိုင်း၊ ဇနီးဖြစ်သူ အကယ်ဒမီ မေသဉ္ဇာဦးနှင့် သမီးဖြစ်သူ အကယ်ဒမီနန္ဒာလှိုင်၊ နေမျိုးအောင်၊ ထွန်းထွန်း(examplez)နှင့် သက်မွန်မြင့်တို့၏ အားပြိုင် သရုပ်ဆောင်မှုများကား ကြည့်ရှုသူ ပရိသတ်ကြီးအား ရသမြောက်စွာ တင်ဆက်ပြသမည့် ရုပ်မြင်သံကြားဇာတ်လမ်းဖြစ်ပါကြောင်း ရေးသား တင်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

(၆၂)နှစ်မြောက် တပ်မတော်နေ့ အကြိုဂုဏ်ပြုဆောင်းပါး

တိုင်းရင်းသားပြည်သူများအကြားမှ ပေါက်ဖွားလာတဲ့ ပြည်သူ့တပ်မတော်

နိုင်ငံတိုင်းမှာ အမိနိုင်ငံတော်ကို ကာကွယ်ဖို့ တပ်မတော် အသီးသီးရှိကြပါတယ်။ အဲဒီလို တပ်မတော် အသီးသီးရှိကြတဲ့အနက် မြန်မာ့တပ်မတော်ဟာ လွတ်လပ်ရေးကြိုးပမ်းမှု ကာလကပင် မျိုးချစ်နိုင်ငံရေး ခံယူချက်နဲ့ ပေါက်ဖွားလာတဲ့ တပ်မတော်ဖြစ်ပါတယ်။ ဒုတိယကမ္ဘာစစ်အတွင်း မြန်မာလူငယ်များဟာ ဟိုင်နန်ကျွန်းမှာ စစ်ပညာသွားရောက်သင်ကြားပြီး တပ်မတော်ကို စတင်ဖွဲ့စည်းခဲ့ပါတယ်။ ဒါ့ကြောင့် ဒီကနေ့ မြန်မာ့တပ်မတော်ဟာ သူတစ်ပါးနိုင်ငံတွေကို ကျူးကျော်တဲ့ နယ်ချဲ့တပ်မတော်မျိုး မဟုတ်ပါ။ သြဇာခံတပ်မတော်လည်း မဟုတ်ပါ။ မိမိနိုင်ငံနဲ့ ပြည်သူ့အကျိုးကို ထာဝစဉ်ထမ်းဆောင်နေတဲ့ အမျိုးသားတပ်မတော်သာ ဖြစ်ပါတယ်။ တပ်မတော်ရဲ့ မျိုးစေ့ဗီဇဟာ တိုင်းတစ်ပါးရဲ့ကျူးကျော်မှုမှန်သမျှကို ခေါင်းငုံ့မခံသလို တစ်ပါးနိုင်ငံများအပေါ်လည်း မကျူးကျော်တဲ့ အမျိုးသားတပ်မတော်သာ ဖြစ်ပါတယ်။

ဒါ့ကြောင့် တပ်မတော်ဟာ နိုင်ငံ့လွတ်လပ်ရေးအတွက် အသက်ပေးတိုက်ပွဲဝင်ခဲ့တယ်။ လွတ်လပ်ရေးရပြီးနောက် ပေါ်ပေါက်လာခဲ့တဲ့ လက်နက်ကိုင်သောင်းကျန်းမှုကြီး ငြိမ်းအေးပပျောက်အောင် ရှေ့တန်းမှ ဆောင်ရွက်ခဲ့တယ်။ အမိမြေပေါ်သို့ ကျူးကျော်လာသူမှန်သမျှကိုလည်း တိုက်ထုတ်ဖယ်ရှားခဲ့တယ်။ တပ်မတော်ဟာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကိုသာမက နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး၊ ခေတ်မီ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီနိုင်ငံ ထူထောင်ရေးတာဝန်တွေကိုပါ ရှေ့တန်းမှ မဆုတ်မနစ် ထမ်းဆောင်နေပါတယ်။ ဒါဟာ တပ်မတော်ရဲ့ ဝိသေသအနှစ်ချုပ်ပဲ ဖြစ်ပါတယ်။

ဖြစ်စဉ်တိုင်းဟာ အကျိုးအကြောင်းဆက်စပ်ဖြစ်ပေါ်လေ့ရှိတယ်ဆိုတဲ့ လူမှုသိပ္ပံတရားနဲ့အညီ မြန်မာ့နိုင်ငံရေးတွင် အရေးပါတဲ့နေရာက တပ်မတော်ပါဝင်ဆောင်ရွက်လာရမှု၊ ဒီကနေ့လို ဒီမိုရေကစီနိုင်ငံတော်သစ်ကို တပ်မတော် (တပ်မတော်အစိုးရ)က ရှေ့ဆောင် ထူထောင်နေရမှုတွေဟာ အကြောင်းတရားမဟုတ်၊ အကျိုးဆက်တွေသာ ဖြစ်ပါတယ်။ ဒါ့ကြောင့် အခြေခံအကြောင်းတရားတွေကို ဓမ္မဓိဋ္ဌာန်ကျစွာ ဆန်းစစ်ကြည့်မယ်ဆိုရင်—

(၁) တပ်မတော်ဟာ လွတ်လပ်ရေး ကြိုးပမ်းမှုကာလကပင် ပေါ်ပေါက်လာခဲ့ပြီး အမျိုးသားနိုင်ငံရေး ဦးဆောင်မှုတွင် ပါဝင်လာခဲ့မှု။

(၂) ပြည်တွင်း လက်နက်ကိုင် ပဋိပက္ခမီးကြီးကို ငြိမ်းအေးအောင် ရှေ့တန်းမှ ကြိုးပမ်းခဲ့ရတဲ့အတွက် တပ်မတော်ဟာ စစ်ရေးမှာသာမက နိုင်ငံရေးမှာပါ ပါဝင်လာခဲ့ရမှု။

(၃) ပါတီနိုင်ငံရေး အင်အားစုများအတွင်း ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲ၊ ဝါဒဂိုဏ်းဂနစွဲ ပြင်းထန်မှုကြောင့် အမျိုးသားပြန်လည်စည်းလုံး ညီညွတ်ရေးကို ဆောင်ရွက်နိုင်စွမ်း အားနည်းနေမှု။

(၄) နိုင်ငံတော်တွင် နိုင်ငံရေး၊ စီးပွားရေး အခြေအနေတွေ ယိုယွင်းလာပြီး အန္တရာယ်ကျရောက်တော့မယ့် အခြေအနေ တွေ့ကြုံလာတိုင်း တပ်မတော်က ဒို့တာဝန်အရေးသုံးပါး ဦးထိပ်ထား၍နိုင်ငံတော်တာဝန်ကို မလွဲမရှောင်သာ ဝင်ရောက်ထမ်းဆောင်ရမှုတို့ကြောင့် ဖြစ်တယ်ဆိုတာကို ထင်ရှားစွာ တွေ့နေရပါတယ်။

နိုင်ငံတော်နှင့် ပြည်သူ့အကျိုးအတွက် ပေါ်ပေါက်လာခဲ့တဲ့ တပ်မတော်ဟာ ၈၈ အရေးအခင်းမှာ သူတစ်လူငါတစ်မင်း လူသတ်ခေါင်းဖြတ်မှု၊ အကြမ်းဖက်မီးရှို့ဖျက်ဆီးမှု၊ နောက်ဆုံး မင်းမဲ့တိုင်းပြည်လို ဖြစ်ပေါ်လာပြီး ပြည်သူလူထုတစ်ရပ်လုံး ကြီးလန့်စာစား ဘဝသို့ ကျရောက်လာရမှု၊ ပြည်ပက ဝင်ရောက်စွက်ဖက်လာမှု စတဲ့ တိုင်းပြည်အန္တရာယ် ကျရောက်တော့မယ့် အခြေအနေအရပ်ရပ်ကြောင့် နိုင်ငံတော်တာဝန်ကို မလွဲမရှောင်သာ ဝင်ရောက် ထမ်းဆောင်ခဲ့ရတယ်။ ဒီအရေးအခင်းကို ဘယ်နိုင်ငံရေးသမားကြီးငယ်၊ ဘယ်နိုင်ငံရေး အင်အားစု၊ ဘယ်အဖွဲ့အစည်း အသင်းအပင်းကမှ ဝင်ရောက်ဖြေရှင်းနိုင်စွမ်း မရှိတဲ့အတွက် ပြည်သူတို့ လိုလားတဲ့ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး၊ ဈေးကွက်စီးပွားရေးနှင့် နိုင်ငံတော် ထူထောင်ရေး သမိုင်းပေးတာဝန်ကို တပ်မတော်က ရှေ့ဆောင်လာခဲ့ရပါတယ်။

ဒါကြောင့်လည်း ဒီကနေ့ တပ်မတော်အစိုးရလက်ထက်တွင် နိုင်ငံတော်တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်လာတယ်။ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေးကို ဦးစားပေး ကြိုးပမ်းလာတဲ့အတွက် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ (၁၇)ဖွဲ့နဲ့ အဖွဲ့ငယ်အများအပြား ဥပဒေဘောင်အတွင်း ဝင်ရောက်လက်တွဲလာကြတယ်။ ဒေသဖွံ့ဖြိုးရေးတွေကို အားတက်သရော ဆောင်ရွက်လာကြတယ်။ အခုလို နိုင်ငံတော်တည်ငြိမ်အေးချမ်းလာတဲ့အတွက် တပ်မတော်အစိုးရရဲ့ နိုင်ငံထူထောင်ရေး လုပ်ငန်းတွေလည်း ပြည်ထောင်စု တစ်နံတစ်လျားတွင် ဖွံ့ဖြိုးတိုးတက်လာခဲ့တယ်။ ပြည်ပနိုင်ငံကြီးအချို့ရဲ့ စီးပွားရေးပိတ်ဆို့မှု အတားအဆီးတွေကြားက ကိုယ့်အားကိုယ်ကိုး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လာနိုင်ခဲ့တယ်။

မြန်မာနိုင်ငံရဲ့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှု၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများ အောင်မြင်နေမှု၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်နေမှု၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်နေမှု၊ သစ်တောပြုစုပျိုးထောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်နေမှု၊ စိမ်းလန်းစိုပြည်ရေး ဖွံ့ဖြိုးတိုးတက်နေမှု၊ ပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်နေမှု၊ ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်နေမှု၊ လျှပ်စစ်စွမ်းအားကဏ္ဍ ဖွံ့ဖြိုးတိုးတက်နေမှု၊ စက်မှုလက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်နေမှု၊ စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်နေမှု၊ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်နေမှု၊ သိပ္ပံနှင့် နည်းပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်

ခင်ဝင်းခံ

နေမှု၊ ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်နေမှု၊ မြို့ရွာစည်ပင် ဖွံ့ဖြိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်နေမှု၊ လမ်းတံတားကဏ္ဍ ဖွံ့ဖြိုးတိုးတက်နေမှု၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်နေမှု၊ ကုန်ထုတ်၊ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်နေမှု၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်နေမှု စတာတွေကို နယ်ပယ်အသီးသီးတွင် တွေ့နိုင် မြင်နိုင်ပြီ ဖြစ်ပါတယ်။ အဲဒီလို မြန်မာ့လူ့အဖွဲ့အစည်းကြီး အခြေခံကျကျ ပြောင်းလဲတိုးတက်လာတဲ့အတွက် နိုင်ငံရေး ဖြစ်ပေါ်တိုးတက်မှုတွေကို ကြည့်မယ်ဆိုရင်လည်း နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် ချမှတ်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံကို အကောင်အထည်ဖော်နေပြီ ဖြစ်ပါတယ်။ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးကို ကိုယ်စားပြုသော အမျိုးသားညီလာခံကြီးက ပါတီစုံစနစ်ရဲ့ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ကို ပုံဖော်နေပြီ ဖြစ်ပါတယ်။ အဲဒီလို ပုံဖော်ရာတွင် ယခင်ပေါ်ပေါက်ခဲ့တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ နှစ်ရပ်ရဲ့ အားနည်းချက်၊ အားသာချက်တွေကို သုံးသပ်ဆန်းစစ်ပြီး လက်ရှိ မိမိတို့လူမှုဘဝနှင့်အညီ မဏ္ဍိုင်ကြီးသုံးရပ်ဖြစ်သော ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်တို့ မယိမ်းယိုင်အောင် စုပေါင်းလုံ့လပြု ချမှတ်နေရတာ ဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ ဥပဒေပြုရေးအာဏာကို ပြည်ထောင်စု လွှတ်တော်၊ တိုင်းဒေသကြီး လွှတ်တော်များနှင့် ပြည်နယ်လွှတ်တော်များသို့ ခွဲဝေအပ်နှင်းထားပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့် စီရင်စုတွေကို နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေက သတ်မှတ်တဲ့ ဥပဒေပြုရေးအာဏာတွင် ခွဲဝေအပ်နှင်းမယ်လို့ ဖော်ပြထားပါတယ်။ လွှတ်တော်အဆင့်ဆင့်နှင့်ပတ်သက်လို့ ဗဟိုမှာ ပြည်ထောင်စု လွှတ်တော်ရှိပြီး အဲဒီ ပြည်ထောင်စုလွှတ်တော်ကို ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ဆိုတဲ့ လွှတ်တော်နှစ်ရပ်နဲ့ ဖွဲ့စည်းသွားမယ်လို့ ဖော်ပြထားပါတယ်။ ဒါ့အပြင် တိုင်းဒေသကြီး လွှတ်တော်(၇)ခုနှင့် ပြည်နယ်လွှတ်တော်(၇)ခု ရှိလာမယ်။ ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရတိုင်းဦးစီးအဖွဲ့တစ်ခုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ငါးခုတို့ကို ဖွဲ့စည်းသွားမယ်လို့ ဖော်ပြထားပါတယ်။ ဒါကြောင့် အနာဂတ် ပါတီစုံဒီမိုကရေစီစနစ်ရဲ့ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ဥပဒေပြုအဖွဲ့(၇)ဖွဲ့ ဖြစ်ပေါ်လာမှာဖြစ်တယ်။ (၁) ပြည်ထောင်စုလွှတ်တော်၊ (၂) ပြည်သူ့လွှတ်တော်၊ (၃) အမျိုးသားလွှတ်တော်၊ (၄)တိုင်းဒေသကြီးလွှတ်တော်၊(၅)ပြည်နယ်လွှတ်တော်၊ (၆) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့၊ (၇) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီး အဖွဲ့တို့ ဖြစ်ပေါ်လာမယ်။ ဒါဟာ ယခင် ပေါ်ပေါက်ခဲ့တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ များနဲ့မတူသော တိုင်းရင်းသားများ တန်းတူရည်တူမှုကို အခြေခံပြီး ပြောင်းလဲတိုးတက်လာတဲ့ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရဲ့ ဝိသေသလက္ခဏာများ ဖြစ်တယ်။ ဆက်လက်ပြီး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပ အတည်ပြုပြဋ္ဌာန်းသွားမှာ ဖြစ်ပါတယ်။

အခုလို **တပ်မတော်အစိုးရ ဦးဆောင်မှုနဲ့ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကို အကောင်အထည်ဖော်နေချိန်တွင် ပြည်ပနိုင်ငံကြီး အချို့နှင့် သြဇာခံများက ဘယ်လိုပင်နည်းအမျိုးမျိုးနဲ့ နှောင့်ယှက်နေသော်လည်း ပြည်ထောင်စုဖွား တိုင်းရင်းသား ပြည်သူများကြားမှ ပေါက်ဖွားလာတဲ့ ပြည်သူ့တပ်မတော် (အမျိုးသားတပ်မတော်) ဟာ ပြည်ထောင်စုဖွား တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးနဲ့ တစ်စိတ်တစ်ဝမ်းတည်း မိမိတို့ရည်မှန်းချက်ပန်းတိုင်ကို မပျက်မကွက် ဆက်လက် ကြိုးပမ်းသွားမယ်** ဆိုတာကို တင်ပြရင်း (၆၂)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုလိုက်ရပါတယ်။ ။

တပ်မတော်အစိုးရဦးဆောင်မှုနဲ့ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်သစ်ကို အကောင်အထည်ဖော်နေချိန်တွင် ပြည်ပနိုင်ငံကြီး အချို့နှင့် သြဇာခံများက ဘယ်လိုပင် နည်းအမျိုးမျိုးနဲ့ နှောင့်ယှက် နေသော်လည်း ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူများကြားမှ ပေါက်ဖွားလာတဲ့ ပြည်သူ့တပ်မတော် (အမျိုးသားတပ်မတော်) ဟာ ပြည်ထောင်စုဖွား တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးနဲ့ တစ်စိတ်တစ်ဝမ်း တည်း မိမိတို့ ရည်မှန်းချက်ပန်းတိုင်ကို မပျက်မကွက် ဆက်လက် ကြိုးပမ်းသွားမယ်။

21-3 (04) 1 3/24/1905, 7:05 PM

(၆၂)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်တည်ဆောက်ရာတွင် ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ရေး။

၂။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရန် စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကျရာတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရေး။

၃။ နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်း ပြည်ပ အဖျက်သမားများ၏အန္တရာယ်ကို ပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီ မျိုးချစ်တပ်မတော် တည်ဆောက်ရေး။

(၂၉)ကြိမ်မြောက် အာဆီယံစံချိန်စံညွှန်းနှင့် အရည်အသွေးဆိုင်ရာ အတိုင်ပင်ခံကော်မတီအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကျင်းပ

ရန်ကုန် မတ် ၂၀

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနက ကြီးမှူးကျင်းပသော အာဆီယံ စံချိန်စံညွှန်းနှင့် အရည်အသွေးဆိုင်ရာ အတိုင်ပင်ခံကော်မတီ (ACCSQ)၏ (၂၉)ကြိမ်မြောက် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ဖွင့်ပွဲအခမ်းအနားကို ယနေ့တွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ကျင်းပရာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီး ဦးကျော်စိုးက အဖွင့်အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါ အစည်းအဝေးများသို့ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်ကြသော ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံများနှင့် ဆွေးနွေးဖက် နိုင်ငံဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကိုယ်စားလှယ်များ မြန်မာနိုင်ငံဘက်မှ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ သစ်တောရေးရာဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး အစည်းအဝေးကို မတ် ၁၉ ရက်မှ ၂၂ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

အိမ်ရှင်နိုင်ငံ

အစည်းအဝေးများသို့ အာဆီယံနိုင်ငံများရှိ စံချိန်စံညွှန်းသတ်မှတ်ချက်များ တပြေးညီဖြစ်စေရေးနှင့် အရည်အသွေးကိုက်ညီ စစ်ဆေးရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်မြင့် ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် အလှည့်ကျ လက်ခံကျင်းပရခြင်းဖြစ်သည်။ အဆိုပါအစည်းအဝေးသို့ အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး အာဆီယံဒေသတွင်း စံချိန်စံညွှန်းများ တပြေးညီဖြစ်စေရေးနှင့် အရည်အသွေးကိုက်ညီရေး လုပ်ငန်းစဉ်များကို မြှင့်တင်နိုင်ရန်အတွက် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ကြမည်ဖြစ်သည်။

(သတင်းစဉ်)

တိုင်းရင်းသားအစီအစဉ်များ မြန်မာ့အသံမှ ပြောင်းလဲထုတ်လွှင့်မည်

ရန်ကုန် မတ် ၂၀

မြန်မာ့အသံမှ သုံးလတစ်ကြိမ် အကွာရာစဉ်အလိုက် အလှည့်ကျပြောင်းလဲထုတ်လွှင့်လျက်ရှိသော တိုင်းရင်းသားအစီအစဉ်များကို ဧပြီ ၁ ရက်မှ ဇွန် ၃၀ ရက်အထိ လှိုင်းတို ၆၃ ဒသမ ၄၉ မီတာမှ အောက်ပါအတိုင်း အသံလွှင့်ချိန်ပြောင်းလဲထုတ်လွှင့်မည်ဖြစ်သည်။

ပိုးကရင်ဘာသာအစီအစဉ်ကို မွန်းလွဲ ၂ နာရီမှ ၂ နာရီ ၄၅ မိနစ်ထိ၊ ချင်းဘာသာအစီအစဉ်ကို မွန်းလွဲ ၂ နာရီ ၄၅ မိနစ်မှ ညနေ ၃ နာရီခွဲထိ၊ မွန်ဘာသာအစီအစဉ်ကို ညနေ ၃ နာရီခွဲမှ ညနေ ၄ နာရီ ၁၅ မိနစ်ထိ၊ ရခိုင်ဘာသာ အစီအစဉ်ကို ညနေ ၄ နာရီ ၁၅ မိနစ်မှ ညနေ ၅ နာရီထိ၊ ရှမ်းဘာသာအစီအစဉ်ကို ညနေ ၅ နာရီမှ ညနေ ၅ နာရီ ၄၅ မိနစ်ထိ၊ ကချင်ဘာသာအစီအစဉ်ကို ညနေ ၅ နာရီ ၄၅ မိနစ်မှ ညနေ ၆ နာရီခွဲထိ၊ ကယားဘာသာ အစီအစဉ်ကို ည ၆ နာရီခွဲမှ ည ၇ နာရီ ၁၅ မိနစ်ထိနှင့် စကောကရင်ဘာသာ အစီအစဉ်ကို ည ၇ နာရီ ၁၅ မိနစ်မှ ည ၈ နာရီထိဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပဲခူးမြို့၌ အမှတ်(၁)စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော် ကျင်းပမည်

ရန်ကုန် မတ် ၂၀

(၆၂)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် အမှတ်(၁) စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်ကို မတ် ၂၅ ရက်မှ ၃၁ ရက်အထိ၊ နေ့စဉ်နံနက် ၈ နာရီမှ ည ၈ နာရီအထိ ပဲခူးမြို့ရှိ ပဲခူးတိုင်း အားကစားကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ အဆိုပါ အထူးဈေးရောင်းပွဲတော်တွင် စက်မှု(၁)မှ ထုတ်လုပ်သည့် လူသုံးကုန်ပစ္စည်းမျိုးစုံကို အထူးဈေးနှုန်းဖြင့် လက်လီ၊ လက်ကား ရောင်းချပေးမည်ဖြစ်ရာ မည်သူမဆို လာရောက်ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အစဉ်အလာကောင်းသည့် တပ်မတော်

* ရာဇဝင်ခေတ်၊ ဟိုရှေးခေတ်မှ
ခုခေတ်တိုင်သာ၊ ပြည်မြန်မာကို
ကာကွယ်စောင့်ကြပ်၊ မားမားရပ်သည့်
တပ်မတော်သား၊ ငါတို့များလျှင်
မယားကိုခွဲ၊ သားကိုခွဲနှင့်
ခွဲခဲ့ရကြောင်း၊ တွက်ရေပေါင်းသော်
ထောင်သောင်းအကြိမ် မကပြီ။

* ထို့အတူပင်၊ မွေးမိခင်နှင့်
ဖခင်ကိုစွန့်၊ ပေါင်းဖော်စွန့်၏
စွန့်လွှတ်ရကြောင်း၊ တွက်ရေပေါင်းသော်
ထောင်သောင်းအကြိမ် မကပြီ။

* ထို့ပြင်မက၊ ဒို့ဘဝကို
ရွေးမှုနှစ်သက်၊ မစုံမက်ဘဲ
အသက်ကိုစတေး၊ သွေးကိုပေးခဲ့
သို့ပေးခဲ့ကြောင်း၊ သွေးတို့ပေါင်းသော်
သွေးချောင်းပင်လယ် ဝေလောက်ပြီ။

* တကယ်ဆိုသော်၊ တပ်မတော်သည်
ကျူးကျော်ရန်ငုတ်၊ အမြစ်ဖြုတ်ရင်း
အချုပ်အခြာ၊ ပြည့်အာဏာကို
လာရောက်ထိပါး၊ ရမ်းကားသူကို
ဖြိုဖျက် မှုန်းချေ၊ အောင်ပန်းခြွေရင်း
"ဆွေကွဲ မျိုးကွဲ၊ မိကွဲ ဖကွဲ
သားကွဲ မယားကွဲ၊ မျိုးစုံကွဲ၍
ကွဲကွာရခြင်း၊ ခွဲခွာရခြင်း
စွန့်လွှတ်ရခြင်း၊ ပေးဆပ်ခြင်းဖြင့်"
ရင်းနှီးများစွာ၊ ရှိခဲ့ပါလည်း
ဒို့မှာ အားမာန်၊ လျှံမြဲ လျှံ၏
အောင်လံရဲရင့်၊ ဝင့်မြဲ ဝင့်၏
အသင့်စစ်ချီ၊ နီမြဲ နီ၏
တိုင်းပြည်အတွက်၊ ယုံကြည်ချက်ဖြင့်
အဖျက်မှန်တုံ၊
တစ်မှုန် မြူမျှ၊ မကျန်ရအောင်
လုံးဝ (လုံးဝ)၊ ချုပ်ငြိမ်းရအောင်
မြန်မာ့ရဲစွမ်း၊ ကမ္ဘာလွှမ်းအောင်
ဆင့်ကမ်းကောင်းမွေ၊ ဆက်ခံပေဟု
နွေမွှန် တပေါင်း၊ သက်သေဆောင်းသည်
ကောင်းချီးဝေဖြာ ဘိတကား ...။ ။

(၆၂) နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုလျက်–

မြင်းမူ မောင်နိုင်မိုး

မြန်မာ့ရုပ်မြင်သံကြား

၂၁-၃-၂၀၀၇ ရက် (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇း၅၀	၅။	မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈း၀၅	၆။	ဝင့်ထည်တိုးပွား ဆားလင်းကြီးရဲ့ စွမ်းအား
၈း၁၅	၇။	**(၆၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်**
၈း၃၀	၈။	International News
၈း၄၅	၉။	Happy and Educational English Summer Course MRTV.
၉း၀၀	၁၀။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀	၁။	**စစ်ချီတေး၊စစ်သည်တေး**
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ စတုတ္ထနှစ်(ဥပဒေပညာအထူးပြု) [ဥပဒေပညာ]
၁၆း၄၅	၄။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၆း၅၅	၅။	သီချင်းကြီးပဒေသာ
၁၇း၀၅	၆။	လက်ဆင့်ကမ်းအမွေ(ရုပ်သေး)
၁၇း၁၅	၇။	**တပ်မတော်နေ့ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲဆုရတေးများ (၂၀၀၆ခုနှစ်)**
၁၇း၂၅	၈။	ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၁၇း၃၀	၉။	ရသပေါ်လွင် သရုပ်ဆောင်လွှင့်ပြင်
၁၈း၀၀	၁၀။	ညနေခင်းသတင်း
၁၈း၃၀	၁၁။	မိုးလေဝသအခြေအနေ
၁၈း၃၅	၁၂။	သုတစုံလင် ရွှေဥဏ်ရှင်
၁၉း၀၀	၁၃။	Discovery
၁၉း၁၅	၁၄။	**"ဒီအိုတီအက်စ်"** ဖိုးဖြူ၊ ကျော်ထူး၊ ခိုင်သင်းကြည်၊ ကြူကြူသင်း (ဒါရိုက်တာ–သိန်းဟန်)
၁၉း၂၅	၁၅။	ဘာသာစကားသင်ကြားလေ့လာ တက္ကသိုလ်မှာ
၁၉း၃၅	၁၆။	**(၆၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်**
၁၉း၄၅	၁၇။	ပြည်သူ့အတွက် တပ်မတော် **"တပ်မတော်သည် ပြည်သူ့အတွက်"**
၂၀း၀၀	၁၈။	ပြည်တွင်းသတင်း
	၁၉။	နိုင်ငံတကာသတင်းများ
	၂၀။	မိုးလေဝသအခြေအနေ
	၂၁။	မြန်မာရုပ်ရှင် **"နှောင်းတမြေ့မြေ့"** ရန်အောင်၊ စိုးသူ၊ ထွန်းအိန္ဒြာဗို (ဒါရိုက်တာ–သက်မောင်မောင်)
	၂၂။	နောက်တစ်နေ့အစီအစဉ်
	၂၃။	အစီအစဉ်ပြီး၏။

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် မတ် ၂၀

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်ကကြီးမှူး၍ (IBTC)ကုမ္ပဏီက အဓိက ကူညီပံ့ပိုးပြီး Han Event Managementက စီစဉ်ကျင်းပသည့် ဂရင်းရွိုင်ရယ် စပါယ်ရှယ်ရီဆာ့ဗ်ဂေါက်သီးရိုက်ပြိုင်ပွဲ(Grand Royal Special Reserve Golf Championship 2007)၏ လက်ရည်စစ် ပွဲစဉ်(၃)အတွက် အကြိုလေ့ကျင့်ခြင်းကို ဖေဖော်ဝါရီ ၂ ရက်က မော်လမြိုင်မြို့ ငန်းတေးဂေါက်ကလပ်၌ ကျင်းပရာ ဦးသန့်ဇင်သည် ၁၇၇ ကိုက် ကွာဝေးသော ကျင်းအမှတ်(၃)၌ Srixon အမျိုးအစားဂေါက်သီးကို Callaway Iron(6) အသုံးပြု၍ရိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။ ဦးသန့်ဇင်နှင့်အတူ ကစားဖော်များအဖြစ် ဦးတင့်ဦး (IBTC)၊ ဦးရဲတင့်(IBTC)၊ ဦးကိုကိုအောင်နှင့် ဦးသက်နိုင်တို့ ပါဝင်လေ့ကျင့်ခဲ့ကြောင်း သိရသည်။

(မြန်မာ့အလင်း)

မြစ်ချောင်းများကာဆီး၍ အန္တရာယ်များစွာဖြင့် သွားလာနေရသည့် ပြည်သူများ ဒုက္ခအပေါင်းမှလွတ်ကင်းရေး မြို့ရွာအသီးသီးကို ဆက်သွယ်သော လမ်းကွန်ရက်များ ရည်မှန်းချက်ရှိရှိ စီမံဆောင်ရွက်လုပ်ပေးနေ

✡ ကျောဖုံးမှ

ဧရာဝတီတိုင်း၏ တောင်ဘက်စွန်း ပင်လယ်ပိုင်းဒေသများ၏ ခရီးအတိုဆုံး ထွက်ပေါက်တစ်ခုအဖြစ် ဖောက်လုပ်တည်ဆောက်ပေးနေသည့် ဖျာပုံ– ဒေးဒရဲ– ကွမ်းခြံကုန်းလမ်းမကြီး၏ အဓိကအစိတ်အပိုင်းတစ်ရပ်ဖြစ်သည့် ဖျာပုံတံတားကို မကြာမီရက်ပိုင်းအတွင်း ကျရောက်တော့မည့် (၆၂)နှစ်မြောက် တပ်မတော်နေ့နှင့် ချိန်ကိုက်တည်ဆောက်ပြီးစီးခဲ့ပြီဖြစ်သည့်အတွက် (၆၂)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ယနေ့ဖွင့်လှစ်ပေးလိုက်ခြင်းပင် ဖြစ်ကြောင်း။

တည်ဆောက်ပေး

နိုင်ငံတော်အစိုးရအနေဖြင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲနေသည့် နေရာဒေသများကပြည်သူများ သွားရေးလာရေး လွယ်ကူချောမွေ့စေရန်၊ ဒေသထွက်ကုန်များ လွယ်လင့်တကူသယ်ယူပို့ဆောင်နိုင်ပြီး ရောင်းပန်းဝယ်ပန်း တိုးတက်စေရန်၊ စီးပွားကုန်သွယ်မှုလုပ်ငန်းများ၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ပြီး စီးပွားရေး၊ လူမှုရေးအဆင့်အတန်းတိုးတက်မြင့်မားစေရန်၊ တစ်ဆက်တည်းမှာပင် ပညာရေး၊ကျန်းမာရေး၊ လူမှုရေးအခြေခံများ တိုးမြှင့်လာစေရန်ဆိုသည့် စိတ်ရင်းစေတနာဖြင့် လမ်းမကြီးများနှင့် မြစ်ကူးချောင်းကူး တံတားကြီးများကို ဒေသလိုအပ်ချက်နှင့်အညီ တစ်နိုင်ငံလုံးဖြန့်ကြက်ပြီး အကွက်ချ တည်ဆောက်ပေးလျက်ရှိကြောင်း။

ဒေးဒရဲ–ကွမ်းခြံကုန်းလမ်းနှင့် ချိတ်ဆက်မိစေသည့်အပြင် ကျုံကဒွန်း၊ မြို့ကုန်း၊ ဆိပ်မ၊ နောက်မီး၊ အမာ စသည့် ပင်လယ်ပိုင်းဒေသများအတွက် ခရီးလမ်းပန်း ပိုမိုပွင့်လန်းသွားစေမည့် အရေးပါသော တံတားတစ်စင်းလည်း ဖြစ်ကြောင်း။

ထို့အပြင် ရန်ကုန်တိုင်းအတွင်း တည်ဆောက်ပေးထားသည့် ပန်းလှိုင်တံတား၊ တွံတေးတံတားတို့နှင့် ဧရာဝတီတိုင်းရှိ ဒေးဒရဲတံတားက တစ်ဆင့် ရန်ကုန်–ညောင်တုန်း–မအူပင်–ကျိုက်လတ်–ဖျာပုံ–ဒေးဒရဲ–ကွမ်းခြံကုန်း–ဒလ ကွန်ရက်ပတ်လမ်းကို ဆက်စပ် ဖြစ်ပေါ်စေမည်ဖြစ်သည့်အတွက် ဆက်စပ်ဒေသအသီးသီး၏ ကုန်စည်စီးဆင်းမှု၊ ကူးသန်းရောင်းဝယ်မှုတို့ကို ပိုမိုတိုးတက်ဖြစ်ထွန်းလာစေမည် ဖြစ်ကြောင်း။

အမှာစကားပြောကြား

လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုဗဟိုအဖွဲ့ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဖျာပုံတံတားဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အကျိုးရလဒ်ကောင်း

လမ်းပန်းဆက်သွယ်ရေးချို့တဲ့မှု၏ ဆိုးကျိုးများကို ဒေသခံပြည်သူများ အသိဆုံးဖြစ်သကဲ့သို့ လမ်းပန်းဆက်သွယ်ရေး ပွင့်လင်းလာမှု၏ အကျိုးရလဒ်ကောင်းများကိုလည်း ဒေသရှိပြည်သူများက ပထမဆုံးစတင်ခံစားကြရခြင်း ဖြစ်ကြောင်း။

ယနေ့ဖွင့်လှစ်လိုက်သည့် ဖျာပုံတံတားအပါအဝင် နိုင်ငံတော်အစိုးရက နိုင်ငံအနှံ့၌ ဖြန့်ကြက်တည်ဆောက်ပေးခဲ့သည့် မြစ်ကူးချောင်းကူးတံတားကြီးများသည် အခြားသောဒေသ ဖွံ့ဖြိုးရေးအစီအမံများနည်းတူ ပြည်သူများ၏ အကျိုးစီးပွားဖြစ်ထွန်းရေးသက်သက်ကိုသာ စေတနာရှေ့ထား ကြိုးပမ်းဆောင်ရွက်နေသည့် နိုင်ငံတော်အစိုးရ၏ ပြည်သူများအပေါ် ထားရှိသောမေတ္တာစေတနာကို ဖော်ညွှန်းပြဆိုနေသည့် သင်္ကေတများဖြစ်သကဲ့သို့ မိမိတို့ တပ်မတော်အစိုးရ၏ တိုင်းကျိုးပြည်ပြု သမိုင်းမှတ်တိုင်များလည်းဖြစ်ကြောင်း။

ဖော်ညွှန်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး မဖွံ့ဖြိုးမတိုးတက်အောင် ဆိုသည့် စေတနာဆိုးဖြင့် ရည်မှန်းချက်ရှိရှိ ပိတ်ဆို့ ဟန့်တားနေကြသည့်ကြားက ငွေကြေးအကုန်အကျများပြီး နည်းပညာစွမ်းရည်မြင့်မားသော မြစ်ကူးချောင်းကူး တံတားကြီးများ၊ ဆည်မြောင်းတာတမံကြီးများကို ပြည်ပအထောက်အပံ့မပါဘဲ မိမိတို့နိုင်ငံသူနိုင်ငံသား ပညာရှင်များ၏ စွမ်းအားဖြင့် တည်ဆောက်နိုင်ခြင်းသည်လည်း လွန်စွာမြင့်မားသည့် အမျိုးသားရေးအားမာန်ကို ဖော်ညွှန်းပြဆိုနေခြင်း ပင်ဖြစ်ကြောင်း။

ဂုဏ်ယူဖွယ်

ယခုဖွင့်လှစ်သည့် ဖျာပုံတံတားအပါအဝင် နောက်ပိုင်းကာလတွင် တည်ဆောက်သည့် မြစ်ကူးချောင်းကူးတံတားများသည် မြန်မာအင်ဂျင်နီယာများ၏ နည်းပညာစွမ်းအားသာမက မြန်မာ့စက်ရုံ၊အလုပ်ရုံများကထုတ်လုပ်သည့် သံမဏိသံပေါင်များ၊ ဆက်စပ်ပစ္စည်းများကိုသာ အသုံးပြုတည်ဆောက်ထားခြင်းဖြစ်သည်မှာလည်း များစွာဂုဏ်ယူဖွယ်ပင်ဖြစ်ကြောင်း။

ထို့ကြောင့် မိမိတို့တပ်မတော်အစိုးရလက်ထက်တွင် တည်ဆောက်ပေးခဲ့သော ပေ ၁၈၀အထက် တံတားကြီးများအနက် ၂၂၃စင်းမြောက်ဖြစ်ပြီး ဧရာဝတီတိုင်းအတွက် ၄၃ စင်းမြောက်ဖြစ်သည့် ဖျာပုံတံတားကို တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ယနေ့ဖွင့်လှစ်လိုက်ခြင်းသည် လွန်စွာမှအနှစ်သာရဖြင့် ပြည့်ဝပြီး ထူးခြားလေးနက်သော အဓိပ္ပာယ်ကိုလည်း ဆောင်လျက်ရှိသည်ဟု ပြောကြားလိုကြောင်း။

ယနေ့ဖွင့်လှစ်လိုက်သည့် ဖျာပုံတံတားသည် မော်လမြိုင်ကျွန်း၊ ဘိုကလေး၊ ဖျာပုံမြို့နယ်များအတွက် ဧရာဝတီတိုင်း၏ ထွက်ပေါက်သစ် တစ်ခုဖြစ်သည့်

ရည်မှန်းချက်ရှိရှိ

နိုင်ငံတော်အစိုးရအနေဖြင့် ဧရာဝတီတိုင်းအတွင်းက မြို့ရွာများသည် ဒေသတစ်ခုတည်း၌ ယှဉ်တွဲတည်ရှိနေသော်လည်း မြစ်ချောင်းများကာဆီး၍ ရေခြားမြေခြားဖြစ်နေခဲ့ရသည့်အတွက် ဒေသရှိပြည်သူများအဖို့ ရေကြောင်းခရီးကိုသာ အားပြုပြီး အန္တရာယ်များစွာ၊ အချိန်များစွာပေး သွားလာနေရသော ဒုက္ခအပေါင်းက လွတ်ကင်းစေရအောင်ဆိုသည့် စိတ်ရင်းစေတနာဖြင့် မြို့ရွာအသီးသီးကို ယက်ဖောက်ဆက်သွယ်သော လမ်းကွန်ရက်များကို ရည်မှန်းချက်ရှိရှိ စီမံဆောင်ရွက်ပေးနေခြင်းပင် ဖြစ်ကြောင်း။

လမ်းပန်းဆက်သွယ်မှု တိုးတက်ဖြစ်ပေါ်ရေးအတွက် ဆောင်ရွက်နေသည်သာမက ယခင်ကာလက ကွေ့ပတ်သွားလာခဲ့ရသည့် မြို့ရွာများကိုလည်း ပိုမိုတိုတောင်း ဖြောင့်ဖြူးသည့် လမ်းသစ်များဖြစ်ပေါ်လာစေရအောင် မြစ်ကူးချောင်းကူးတံတားများဖြင့် ဆက်သွယ်တည်ဆောက်ပေးလျက် ရှိကြောင်း။

ထို့ကြောင့် ဧရာဝတီတိုင်းအတွင်း၌ ၁၉၈၈ခုနှစ်မတိုင်မီကာလက ကားလမ်းမိုင် ၄၀၀ ကျော်သာရှိခဲ့ရာက ယနေ့ဆိုလျှင် ကားလမ်း မိုင် ၁၃၀၀ ကျော် ရှိလာခဲ့ပြီဖြစ်ကြောင်း။ ယခုဆိုလျှင် ရန်ကုန်မြို့ကနေ ဘုရင့်နောင်တံတား၊ ဗိုလ်မြတ်ထွန်းတံတားတို့ကတစ်ဆင့် ငနွေဖြူ–ဇလွန်–ဟင်္သာတဘက်၊ ပန်းတနော်–အိမ်မဲ–ပုသိမ်ဘက်တို့ကို နေ့ချင်းပြန် ခရီးပေါက်ခဲ့ပြီဖြစ်ကြောင်း၊ တိုင်းကြီးနှစ်တိုင်း၏ မြို့တော်နှစ်ခုသည် အနေနီးခဲ့ကြသော်လည်း ယခုခေတ်ကာလကျမှ နေ့ချင်းပြန် ခရီးပေါက်ခဲ့ခြင်းဖြစ်ကြောင်း။

ကွန်ရက်ပတ်လမ်း

တိုင်းအတွင်း၌ဆိုလျှင်လည်း ညောင်တုန်း–ပန်းတနော်–ဝါးခယ်မ–မော်လမြိုင်ကျွန်း–ဘိုကလေး–ဖျာပုံတောက်လျှောက် လမ်းပေါက်အောင် ဆောင်ရွက်နေခြင်းကြောင့် ဖျာပုံ–ဒေးဒရဲလမ်းကတစ်ဆင့် နောက်ထပ်ကွန်ရက်ပတ်လမ်းတစ်ခု ဖြစ်ပေါ်လာနေပြီ ဖြစ်ကြောင်း။

ဧရာဝတီတိုင်းအနေဖြင့် ညောင်တုန်း–လှိုင်သာယာလမ်း၊ ဖျာပုံ–ဒေးဒရဲ–ကွမ်းခြံကုန်းလမ်း၊ ငသိုင်းချောင်း–ဂွလမ်းနှင့် ပုသိမ်–မုံရွာလမ်းဆိုသည့် ထွက်ပေါက်အသွယ်သွယ်ဖြစ်ထွန်းလာခဲ့ပြီး အခြားသောပြည်နယ်၊ တိုင်း အသီးသီးကို အနီးဆုံးလမ်းများဖြင့် ဆက်သွယ်သွားလာနိုင်နေပြီ ဖြစ်ကြောင်း။

ထို့ကြောင့် ယခင်ခေတ်ကာလများက မိမိတိုင်းအတွင်းရှိ မြို့အချင်းချင်းပင် ရေလမ်းက အချိန်ယူသွားလာနေခဲ့ရသည့် အခြေအနေကနေ ယခု ခေတ်မီယာဉ်ငယ်များ၊ ကုန်တင်ယာဉ်ကြီးများ ဥဒဟို ကူးသန်းသွားလာနေပြီ ဖြစ်သော မြင်ကွင်းသစ်သည် ဧရာဝတီတိုင်းသားများအတွက်သာမက မြင်ရသူတိုင်းအတွက် စိတ်ကြည်နူးဖွယ်ပင် ဖြစ်ကြောင်း။ ***စာမျက်နှာ ၇ ကော်လံ ၁ သို့***

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး မဖွံ့ဖြိုးမတိုးတက်အောင်ဆိုသည့် စေတနာဆိုးဖြင့် ရည်မှန်းချက်ရှိရှိ ပိတ်ဆို့ဟန့်တားနေကြသည့်ကြားက ငွေကြေးအကုန်အကျများပြီး နည်းပညာစွမ်းရည် မြင့်မားသော မြစ်ကူးချောင်းကူး တံတားကြီးများ၊ ဆည်မြောင်းတာတမံကြီးများကို ပြည်ပအထောက်အပံ့မပါဘဲ မိမိတို့နိုင်ငံသူနိုင်ငံသား ပညာရှင်များ၏ စွမ်းအားဖြင့် တည်ဆောက်နိုင်ခြင်းသည် လွန်စွာ မြင့်မားသည့် အမျိုးသားရေးအားမာန်ကို ဖော်ညွှန်းပြဆိုနေခြင်းပင်ဖြစ်၏။

စာမျက်နှာ ၆ မှ

ထွန်းကားစည်ပင်

ယခုဆိုလျှင် ဧရာဝတီတိုင်းအတွင်းက တန်ခိုးကြီး စေတီပုထိုးများနှင့် သာသနိကအဆောက်အအုံများတွင် အနယ်နယ်အရပ်ရပ်က ဘုရားဖူးများဖြင့် ပြည့်နှက်နေပြီဖြစ်သကဲ့သို့ နိုင်ငံတကာအဆင့်မီ ပင်လယ်ကမ်းခြေအပန်းဖြေ စခန်းများ၌လည်း ကမ္ဘာလှည့်ခရီးသည်များ အပါအဝင် မြန်မာနိုင်ငံအနှံ့က လာရောက် အပန်းဖြေအနားယူနေသည့်ပြည်သူများဖြင့်စည်ကားနေပြီဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ဧရာဝတီတိုင်း၏ ဖွံ့ဖြိုးတိုးတက်မှုအလားအလာကောင်းများ၊ စီးပွားရေးဖြစ်ထွန်းမှုအခြေခံကောင်းများကို ခိုင်မာသည့်စီးပွားရေးလုပ်ငန်းကြီးများဖြစ်လာစေရအောင် အားပေးဆောင်ရွက်လျက်ရှိသည့်အချိန်အခါတွင် တိုးတက်ဖြစ်ထွန်းလာသည့် လမ်းပန်းဆက်သွယ်ရေးအခြေခံကောင်းများဖြင့် ပေါင်းစည်းပြီး ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများ၊ ငါး၊ ပုစွန်ဖမ်းဆီးရေးလုပ်ငန်းများ၊ ရေနက်ကွင်းစိုက်ပျိုးရေးလုပ်ငန်းများ၊ ခေတ်မီဟိုတယ်နှင့် ပင်လယ်ကမ်းခြေအပန်းဖြေစခန်းများစသည့် စီးပွားရေးလုပ်ငန်းများ ပိုမိုထွန်းကားစည်ပင်လာခဲ့ခြင်းပင်ဖြစ်ကြောင်း။

အရှိန်အဟုန်မပျက်

ယခုဆိုလျှင်အဘက်ဘက်က ပြည့်စုံနေပြီဖြစ်သည့် ဧရာဝတီတိုင်းသည် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ရေးလုပ်ငန်းအဝဝတွင် နိုင်ငံတော်က အားထားရသည့် တိုင်းကြီးတစ်တိုင်းအဖြစ် ခိုင်မာစွာ ရပ်တည်နိုင်ပြီဖြစ်၍ အရှိန်အဟုန်မပျက် ဆက်လက်တိုးတက်ဖြစ်ထွန်းစေရအောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအနေဖြင့် အမိပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို တည်ငြိမ်အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးအဖြစ် အချိန်တိုကာလအတွင်း တိုးတက်ဖြစ်ထွန်းလာစေရအောင် စနစ်တကျအစီအမံများချမှတ်ပြီး ဆယ်စုနှစ်တစ်နှစ်ခွဲကျော်မျှ မနားမနေကြိုးပမ်းအားထုတ် တည်ဆောက်ပေးခဲ့သည့်အတွက် ဧရာဝတီတိုင်းအပါအဝင် ပြည်ထောင်စုကြီးတစ်ရပ်လုံးသည် ယနေ့ကာလ အခြေအနေကို တိုးတက်ရောက်ရှိလာခဲ့ခြင်းပင်ဖြစ်ကြောင်း။

အကွက်ချတည်ဆောက်

အချိန်တိုကာလအတွင်းတွင် နိုင်ငံတော်ကိုနယ်ပယ်ကဏ္ဍစုံက ဖွံ့ဖြိုးတိုးတက်စေရအောင် နိုင်ငံတော်အတွင်း တိုင်းရင်းသားစည်းလုံးညီညွတ်မှုစွမ်းအားကို အခိုင်အမာတည်ဆောက်ခဲ့ပြီး တည်ငြိမ်အေးချမ်းသာယာသည့် ပတ်ဝန်းကျင်ကောင်းများကို ဦးစွာဖန်တီးခဲ့ရကြောင်း၊ တစ်ဆက်တည်းမှာပင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို အရှိန်အဟုန်ဖြင့်မြှင့်တင်ပေးနိုင်မည့် ဆည်မြောင်းတာတမံများ၊ လမ်းမကြီးများ၊ မြစ်ကူးချောင်းကူးတံတားကြီးများ၊ ရေအားလျှပ်စစ်စီမံကိန်းများ စသည့် ဖွံ့ဖြိုးမှုဆိုင်ရာ အခြေခံအဆောက်အအုံများကို တစ်နိုင်ငံလုံးဖြန့်ကြက်ပြီး အလုံးအရင်းဖြင့် အကွက်ချတည်ဆောက်ခဲ့ရခြင်းဖြစ်ကြောင်း။

စီမံဆောင်ရွက်

တစ်ဖက်တွင်လည်း ပြည်ထောင်စုကြီး၏နယ်မြေဒေသအစိတ်အပိုင်းများအားလုံး ဟန်ချက်ညီညီ မျှမျှတတဖွံ့ဖြိုးတိုးတက်စေရအောင်နှင့် ဒေသအသီးသီး၏ ဖွံ့ဖြိုးမှုကွာဟချက်များ တစ်စထက်တစ်စ ကျဉ်းမြောင်းပပျောက်သွားစေရအောင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုး တိုးတက်ရေးစီမံကိန်း၊ ဖွံ့ဖြိုးရေးအထူးဒေသကြီး(၂၄)ခုစီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းတို့ကို စနစ်တကျပေါင်းစပ်ပြီး ဒေသတစ်ခုချင်း၏ ဖွံ့ဖြိုးမှုဆိုင်ရာ လိုအပ်ချက်များကို ဖော်ထုတ်ဖြည့်ဆည်းဆောင်ရွက်ပေးရင်းဒေသအသီးသီး၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊အခြေခံများ တိုးတက်မြင့်မားရေးအတွက် စီမံဆောင်ရွက်ပေးခဲ့ကြောင်း။

ထူးထူးခြားခြား

နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု အခြေခံကောင်းများ၊ ဖွံ့ဖြိုးမှုဆိုင်ရာအခြေခံအဆောက်အအုံများ၊ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေးအစီအမံများ၏ စွမ်းအားကောင်းများတွင် တိုင်းရင်းသားပြည်သူများ၏ ပါဝင်ပူးပေါင်းကြိုးပမ်းဆောင်ရွက်မှုစွမ်းအားတို့ ပေါင်းစည်းမိပြီး နိုင်ငံတော်၏ နယ်မြေဒေသ အသီးသီးသည် ထူးထူးခြားခြား ပြောင်းလဲတိုးတက်လာခဲ့ခြင်းပင် ဖြစ်ကြောင်း။

လမ်းပန်းဆက်သွယ်ရေးကဏ္ဍ၌ဆိုလျှင် တစ်ချိန်သောအခါက ချင်းတွင်းမြစ်၊ ဧရာဝတီမြစ်၊ ရွှေလီမြစ် စသည့်မြစ်ကြီးများ ပိုင်းခြားနေခဲ့၍ အခြားသောနယ်မြေဒေသများနှင့်အဆက်ပြတ်ပြီး ဖွံ့ဖြိုးမှုနောက်ကျနေခဲ့ရသည့် ရွှေလီအရှေ့ခြမ်းဒေသ၊ ဧရာဝတီအနောက်ခြမ်းဒေသ၊ ချင်းတွင်းအနောက်ခြမ်းဒေသတို့သည် ယနေ့ဆိုလျှင် ဧရာဝတီမြစ်ကူးတံတားကြီးခုနစ်စင်း၊ ချင်းတွင်းမြစ်ကူးတံတားကြီးနှစ်စင်း၊သံလွင်မြစ်ကူးတံတားကြီးငါးစင်းတို့၏ ကျေးဇူးကြောင့် တစ်ရှိန်ထိုး ဖွံ့ဖြိုးတိုးတက်လာခဲ့ပြီး ဒေသခံပြည်သူများ၏ လူမှုရေးဘဝ အဆင့်အတန်းသည်လည်း သိသိသာသာ မြင့်မားလာခဲ့ပြီ ဖြစ်ကြောင်း။

ထွက်ပေါက်အသွယ်သွယ်

ထို့အပြင် မြန်မာနိုင်ငံ၏ တောင်ဘက်ခြမ်းမှသည် မြောက်ဘက်ခြမ်းအထိ ပြည်ထောင်စုလမ်းမကြီးများ ဆက်သွယ်မိစေရအောင် မြန်မာနိုင်ငံ၌ အရှည်ဆုံးဖြစ်သည့် သံလွင်မြစ်ကူး(မော်လမြိုင်)တံတားကြီးနှင့် တနင်္သာရီတိုင်းတစ်လျှောက် မြစ်ကူးချောင်းကူးတံတား များစွာအပါအဝင် မဟာဗျူဟာမြောက် မြစ်ကူးချောင်းကူးတံတားပေါင်း များစွာကို တည်ဆောက်ပေးခဲ့ပြီးဖြစ်ကြောင်း။

မြစ်ချောင်းအင်းအိုင်ပေါများ၍ လမ်းပန်းဆက်သွယ်ရေးတွင် ရေကြောင်းကိုသာ အဓိကထားပြီး ညအိပ်ညနေ သွားလာနေခဲ့ရသည့် ဧရာဝတီတိုင်းနှင့် ရခိုင်ပြည်နယ်တို့၌လည်း ယနေ့ဆိုလျှင် မိမိတို့တိုင်းအတွင်း၊ ပြည်နယ်အတွင်း လမ်းမကြီးများ ကွန်ရက်သဖွယ် ဆက်သွယ်မိနေပြီဖြစ်သကဲ့သို့ အခြားသော ပြည်နယ် တိုင်းဒေသများသို့လည်း ကုန်းလမ်းကြောင်း ထွက်ပေါက်အသွယ်သွယ် ရရှိနေပြီဖြစ်ကြောင်း။

တိုးတက်လာ

လမ်းများ၊ တံတားများ ဖောက်လုပ်တည်ဆောက်ရာတွင် အဓိက တာဝန်ယူရသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနက သာမကဘဲ ကာကွယ်ရေးဝန်ကြီးဌာန၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနစသည့် ဝန်ကြီးဌာနများ၏ စွမ်းအားများကိုပါ ပေါင်းစပ်ကြိုးပမ်းဆောင်ရွက်ခဲ့သည့်အပြင် အချို့သော အဝေးပြေးလမ်းမကြီးများ၌ ပုဂ္ဂလိက ကဏ္ဍ၏ အားကိုပါ ရယူဆောင်ရွက်ခဲ့ရကြောင်း၊ ထို့ကြောင့် ၁၉၈၈ ခုနှစ်က မြန်မာနိုင်ငံ၌ လမ်းမိုင်ပေါင်း ၁၃၆၀၀ ကျော်သာရှိခဲ့ရာက ယနေ့ဆိုလျှင် လမ်းမိုင်ပေါင်း ၁၉၀၀၀ကျော်ရှိလာခဲ့ပြီဖြစ်၍ လမ်းမိုင်ပေါင်း ၆၀၀၀ခန့်တိုးတက်လာခဲ့ပြီဖြစ်ကြောင်း။

ရထားလမ်း

ရထားလမ်းနှင့်ပတ်သက်ပြီးပြောရလျှင် မြန်မာနိုင်ငံသားများ ကိုယ်တိုင် အဆင့်မြင့် နည်းပညာသုံး ဖောက်လုပ်ခဲ့သည့် အရှည်ပေ ၅၀၀၀ ကျော် ပုံတောင်ပုံညာ ဥမင်ကြီး ပါဝင်သည့် ချောင်းဦး–ပခုက္ကူ–ဂန့်ဂေါ–ကလေး ရထားလမ်းအပါအဝင် ရထားလမ်းမိုင်ပေါင်း ၁၁၄၀ ကျော်တိုးတက်ဖောက်လုပ်

ရှင်းလင်းပြောကြား

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောထွန်း ဖျာပုံတံတားဆောက်လုပ်ရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ ရှင်းလင်း ပြောကြားစဉ်။

(သတင်းစဉ်)

နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ဒေသအလိုက် ဆက်သွယ်ပေးနိုင်မှုများကို ကြည့်မည်ဆိုလျှင် ဂန့်ဂေါ–ကလေး ဆက်သွယ်သည့် ရထားလမ်း၊ ရှမ်းပြည်နယ်အတွင်း ဆက်သွယ်ထားသည့် ရွှေညောင်–တောင်ကြီး–နန့်စန် ရထားလမ်း၊ မြန်မာနိုင်ငံတောင်ပိုင်းစွန်းကို ဆက်သွယ်ထားသည့် ရန်ကုန်–မော်လမြိုင်–ရေး–ထားဝယ် ရထားလမ်း၊ ရန်ကုန်–ပြည်–တောင်တွင်းကြီး–ပုဂံ–မန္တလေး ဆက်သွယ်သည့် ရိုးမပတ်ရထားလမ်း၊ ဧရာဝတီ အနောက်ခြမ်း၌ ဖောက်လုပ်ရန် စီစဉ်နေပြီဖြစ်သည့် ကြံခင်း–ပန်းတောင်း–ပခုက္ကူရထား လမ်းတို့သည် ပြည်ထောင်စုကြီး၏ အရှေ့–အနောက်–တောင်–မြောက်နယ်မြေဒေသများကို တိုးလျှိုပေါက် ဆက်သွယ်ပေးနိုင်သည့် ရထားလမ်းများပင်ဖြစ်ကြောင်း။

ကျေးဇူးတင်စကား ပြောကြား

ဒေသခံပြည်သူများ ကိုယ်စား ဖျာပုံမြို့နယ်မှ ဦးဝင်းမြင့် ကျေးဇူးတင်စကားပြောကြားစဉ်။

(သတင်းစဉ်)

ဆက်လက်ကြိုးပမ်း

လေကြောင်းဆက်သွယ်ရေး အပိုင်း၌ဆိုလျှင်လည်း ဒေသအသီးသီးတွင်ရှိသည့် လေယာဉ်ကွင်းများကို လေယာဉ်ကြီးများ ဆင်းသက်နိုင်သော အဆင့်မြင့် လေယာဉ်ကွင်းများအဖြစ် အဆင့်မြှင့်တင်မှုများ၊ ကွင်းသစ်များ တိုးချဲ့တည်ဆောက်ပေးမှုများကြောင့် ယခုဆိုလျှင် အပြည်ပြည်ဆိုင်ရာလေဆိပ် နှစ်ခု အပါအဝင် လေယာဉ်ကြီးများဆင်းနိုင်သည့် အဆင့်မြင့်လေဆိပ် ၁၆ခုနှင့် လေဆိပ်သစ် ၁၃ခု အပါအဝင် လေယာဉ်ကွင်းပေါင်း ၇၀ကျော် ရှိလာခဲ့ပြီဖြစ်ကြောင်း။

ယင်းသို့ နိုင်ငံတော်အတွင်း လမ်းပန်းဆက်သွယ်မှု တိုးတက်မြင့်မားလာမှုသည် ဒေသအသီးသီး၏ ဖွံ့ဖြိုးမှုအလားအလာကောင်း၊ အခြေခံကောင်းများကို ပိုမိုတန်ဖိုးမြင့်မားလာအောင် မြှင့်တင်ပေးနိုင်မည်ဖြစ်သည့်အပြင် ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး အခြေခံကောင်းများကိုပါ ပိုမိုတိုးတက်ဖြစ်ထွန်းစေအောင် ဆောင်ကြဉ်းပေးနိုင်မှာအမှန်ပင်ဖြစ်ကြောင်း။

ဧရာဝတီတိုင်းသည် ပုသိမ်၊ မအူပင်၊ ဟင်္သာတအထူးဖွံ့ဖြိုးရေးဒေသကြီး သုံးခုကို မဏ္ဍိုင်ပြုပြီး တည်ရှိလာပြီဖြစ်သည့် ဝိဇ္ဇာသိပ္ပံတက္ကသိုလ်များ၊ နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်များ၊ အထူးကုဆေးရုံကြီးများ၊ အထွေထွေရောဂါကုဆေးရုံကြီးများ စသည့် ပညာရေး၊ ကျန်းမာရေး အခြေခံကောင်းများ ခိုင်ခိုင်မာမာ ဖြစ်ထွန်းနေပြီဖြစ်ကြောင်း၊ ယင်းအခြေခံကောင်းများနှင့် လမ်းပန်းဆက်သွယ်ရေးတိုးတက်ဖြစ်ထွန်းမှု စွမ်းအားကောင်းများ ပေါင်းစပ်ပြီး မိမိရပ်ရွာ၊မိမိဒေသ ပိုမိုပြီး အစွမ်းရှိသရွေ့ ဖွံ့ဖြိုးတိုးတက်စေရအောင်၊ မိမိတို့ ဒေသ၏ဖွံ့ဖြိုးမှုစွမ်းအားဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကို အထောက်အကူပြုမြှင့်တင်ပေးနိုင်စေရအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

ကြိုးပမ်းဆောင်ရွက်

အထူးသဖြင့် နိုင်ငံတော်၏ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍ၌ အဓိကအထောက်အကူပြုနေသည့် တိုင်းတစ်တိုင်းဖြစ်သည်နှင့်အညီ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် စီးပွားကုန်သွယ်မှုလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရင်း မိမိတို့၏ စီးပွားရေးဘဝ တိုးတက်ကြီးပွားရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူဖြစ်စေရေးတို့ကို ယှဉ်တွဲ ကြိုးပမ်းဆောင်ရွက်သွားကြပါဟုလည်း တိုက်တွန်းပြောကြားလိုကြောင်း။

ရရှိဖြစ်ထွန်းနေသည့် ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများသည် နယ်မြေဒေသတည်ငြိမ်အေးချမ်းသာယာမှု အခြေခံများအပေါ်၌ ဆင့်ပွားဖြစ်ထွန်းလာခြင်းဖြစ်သည်ဆိုသည်ကို သိမြင်နားလည်ပြီး ရပ်ရွာဒေသတည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှုအခြေအနေကောင်း၊ ပတ်ဝန်းကျင်ကောင်းများ ဆက်လက်ဖြစ်ထွန်းနေစေရအောင် မပြတ်သောအမျိုးသားရေးသတိဖြင့် ကာကွယ်စောင့်ရှောက်ပေးကြပါဟု တစ်ဆက်တည်းပြောကြားလိုကြောင်း။

အားထုတ်

နိဂုံးချုပ်အနေဖြင့် ဒေသခံပြည်သူများကို ပြောကြားလိုသည်မှာ ယနေ့ပေါ်ထွန်းလာသည့် ဖျာပုံတံတားအပါအဝင် မိမိတို့ဒေသတွင်း ဖြစ်ထွန်းလာသောဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများသည် ဧရာဝတီတိုင်းနှင့်တကွ ဧရာဝတီတိုင်းသားများ၏ စီးပွားရေးဘဝ၊ လူမှုရေးဘဝ တိုးတက်မြင့်မားရေးနှင့် ပြည်ထောင်စုကြီး၏ အခြားသော နယ်မြေဒေသ အစိတ်အပိုင်းများနှင့် ယှဉ်တွဲပြီး သဟဇာတဖြစ်စွာဖွံ့ဖြိုးတိုးတက်စေရေးဆိုသည့် နိုင်ငံတော်အစိုးရ၏ ဖြူစင်သောစေတနာ၊ မဆုတ်နစ်သော ကြိုးပမ်းအားထုတ်မှုတို့က ပေါက်ဖွားလာသည့် အကျိုးရလဒ်ကောင်းများဖြစ်သည်ဟုခံယူပြီး ဤဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများကို ထိထိရောက်ရောက်အကျိုးရှိစွာ အသုံးချလျက် မိမိတို့၏ လူမှုစီးပွားရေးဘဝသာယာဝပြောတိုးတက်မြင့်မားရေးအတွက် ဆက်လက်ကြိုးစားအားထုတ်သွားကြပါဟု တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က အမှာစကားပြောကြားရာတွင် ဖျာပုံတံတားသည် ဧရာဝတီတိုင်း ဒေးဒရဲမြို့နယ် အုန်းပင်ကျေးရွာနှင့် ဖျာပုံမြို့ အမှတ်(၁) ရပ်ကွက်တို့ကို ဆက်သွယ် တည်ဆောက်ထားသည့် တံတားကြီးဖြစ်ပါကြောင်း။ စာမျက်နှာ ၈ ကော်လံ ၁ သို့

အခြားသော နယ်မြေဒေသများနှင့် အဆက်ပြတ်ပြီး ဖွံ့ဖြိုးမှုနောက်ကျနေခဲ့ရသည့် ရွှေလီအရှေ့ခြမ်းဒေသ၊ ဧရာဝတီ အနောက်ခြမ်းဒေသ၊ ချင်းတွင်း အနောက်ခြမ်းဒေသတို့သည် ယနေ့ဆိုလျှင် ဧရာဝတီ မြစ်ကူးတံတားကြီးခုနစ်စင်း၊ ချင်းတွင်း မြစ်ကူးတံတားကြီးနှစ်စင်း၊ သံလွင်မြစ်ကူး တံတားကြီးငါးစင်းတို့၏ ကျေးဇူးကြောင့် တစ်ရှိန်ထိုး ဖွံ့ဖြိုးတိုးတက်လာခဲ့။

ဒေသအသီးသီး၏ ဖွံ့ဖြိုးတိုးတက်မှုကွာဟချက်များ တစ်စထက်တစ်စ ကျဉ်းမြောင်းပပျောက်စေရေး ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအခြေခံများ တိုးတက်မြင့်မားစေရန် စီမံဆောင်ရွက်ပေးလျက်ရှိ

စာမျက်နှာ ၇ မှ

ဤတံတားကြီးမရှိမီအချိန်ကာလကဆိုလျှင် ရန်ကုန်မြို့မှ ဖျာပုံသို့သွားလာရန်အတွက် ရန်ကုန်မြို့ ဘုရင့်နောင်တံတားမှ မအူပင်မြို့-ကျိုက်လတ်မြို့မှ ဖျာပုံမြို့သို့အရောက် ကုန်းလမ်းခရီးဖြင့် ၈၅ မိုင်သွားလာခဲ့ရကြောင်း၊ ယခုဖျာပုံတံတားကြီးပြီးစီးသွားပြီဖြစ်သည့်အတွက် ရန်ကုန်မြို့မှ ဘုရင့်နောင် လှိုင်သာယာအဝိုင်း ပန်းလှိုင်တံတား၊ တွံတေးတံတားတို့မှတစ်ဆင့် တွံတေးမြို့နယ်၊ကော့မှူးမြို့နယ်၊ ကွမ်းခြံကုန်းမြို့နယ်၊ ဒေးရဲမြို့နယ်မှတစ်ဆင့် ဖျာပုံမြို့သို့အရောက် ၆၂ မိုင် ၃ ဖာလုံခန့်သာ သွားလာရသဖြင့် ကုန်းလမ်းခရီး မိုင် ၂၂ မိုင် ၅ ဖာလုံခန့် သက်သာသွားခဲ့ကြောင်း၊ ယခုကဲ့သို့ တံတားကြီး အောင်အောင်မြင်မြင် တည်ဆောက်ဖွင့်လှစ်နိုင်ပြီဖြစ်သည့်အတွက် ပြည်သူတစ်ရပ်လုံးအနေဖြင့် ဝမ်းသာပီတိဖြစ်ရပါကြောင်းကို အထူးပြောကြားလိုကြောင်း။

လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှု ဗဟိုအဖွဲ့ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ ဖျာပုံတံတားကို ဖြတ်သန်းကြည့်ရှုကြစဉ်။ (သတင်းစဉ်)

ရာသီမရွေး ဆက်သွယ်သွားလာနိုင်

ဧရာဝတီတိုင်းသည် ချောင်းငယ် မြစ်ငယ်များ၊ ကွန်ရက်သဖွယ်ယှက်နွယ်ဆက်စပ်တည်ရှိပြီး နွေရာသီတွင် ရွှံ့နွံ့သဲသောင်များပေါ်ထွန်းလာ၍ သွားလာရေးခက်ခဲပြီး မိုးရာသီတွင်သာ ရေကြောင်းသွားလာမှု အဆင်ပြေခဲ့ရာက ယခုဆိုလျှင် ဖျာပုံတံတားကြီး တည်ဆောက်ပြီးစီးသွားပြီဖြစ်သည့်အတွက် ရာသီမရွေး လွယ်ကူလျင်မြန်စွာ ကုန်းလမ်းခရီးဖြင့် ဆက်သွယ်သွားလာနိုင်ပြီ ဖြစ်ကြောင်း။

ထို့ကြောင့် နယ်မြေဒေသအတွက်သာမက နိုင်ငံတော်ကြီးတစ်ခုလုံး အတွက်ပါ တန်ဖိုးမဖြတ်နိုင်သည့် အကျိုးကျေးဇူးရရှိအောင် လမ်းညွှန်စီမံပေးသည့် နိုင်ငံတော်အကြီးအကဲအားလည်းကောင်း၊ တံတားကြီးကိုတာဝန်ယူ တည်ဆောက်ပေးသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အင်ဂျင်နီယာမှူးကြီးနှင့် ကာယ၊ ဉာဏဝန်ထမ်းများအားလုံးကိုလည်းကောင်း အထူးပင်ကျေးဇူးတင်ရှိပါကြောင်းကို ဧရာဝတီတိုင်းပြည်သူလူထုကိုယ်စား ပြောကြားလိုကြောင်း။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **"ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်ရေးမှာ ဒေသတွင်းဆက်သွယ်ရေးကောင်းမွန်ရန် လိုအပ်သလို အခြားဒေသနဲ့ဆက်သွယ်တဲ့လမ်းများမှာလည်း ကောင်းမွန်ရန်လိုအပ်ကြောင်း၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှသာ ဒေသတစ်ခု၏ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေးတို့မှာလည်း တိုးတက်ကောင်းမွန်လာမှာဖြစ်ကြောင်း"** လမ်းညွှန်မှာကြားခဲ့ကြောင်း။

ဧရာဝတီတိုင်းအနေဖြင့် ဒေသတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်စည်ကူးသန်းရောင်းဝယ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအရေးပါသည့်လမ်းများကို ပိုမိုကောင်းမွန်အောင် အဆင့်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သကဲ့သို့ လမ်းသစ်များကိုလည်း ဖောက်လုပ်ခဲ့ကြောင်း၊ ယင်းသို့ ကြိုးပမ်းဆောင်ရွက်ခဲ့သည့်အတွက် ဧရာဝတီတိုင်း၏လမ်းပန်းဆက်သွယ်ရေးကဏ္ဍသည် ၁၉၈၈ခုနှစ်တွင် လမ်းမိုင်၄၆၁မိုင်ခုနစ်ဖာလုံရှိရာက ယခုအခါဆိုလျှင် ပြည်ထောင်စု လမ်းမကြီး ၈၁၉မိုင်လေးဖာလုံအပါအဝင် ၁၂၈၁မိုင် သုံးဖာလုံအထိ တိုးတက်ဖောက်လုပ်နိုင်ခဲ့ကြောင်း။

ဧရာဝတီတိုင်းတွင် ပေ၁၈၀နှင့်အထက်တံတားကြီးအနေဖြင့် ၁၉၈၈ခုနှစ်တွင် ယာယီတံတားသုံးစင်း၊ အမြဲတမ်း တံတားရှစ်စင်းခန့်သာရှိခဲ့ရာက ယခုအခါ ဖျာပုံတံတားအပါအဝင် တံတားကြီး ၄၃စင်းကို ထပ်မံတည်ဆောက်ပေး နိုင်ခဲ့ကြောင်း၊ ပြီးခဲ့သည့် ၂၀၀၆ခုနှစ် မတ် ၂၃ရက်တွင်ဆိုလျှင် ပမ္မဝတီ (မြင်းကဆိပ်)တံတားကြီးကို ဖွင့်လှစ်ခဲ့ပြီးဖြစ်ကြောင်း။

ထို့အပြင် ဧရာဝတီတိုင်း၂၆မြို့နယ်အတွင်းရှိ ကျေးရွာ၁၁၇၀၁တွင် အကြားအလပ်မရှိ တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာချင်းဆက်လမ်းများ၊ ကျေးရွာနှင့်မြို့ပြဆက်သွယ်ရေးလမ်းများ၊ ပြည်ထောင်စုလမ်းမကြီးနှင့်ဆက်သွယ်သည့်လမ်းများကိုလည်း ဖောက်လုပ်ခဲ့ကြောင်း။

အခြေခိုင်မာလာမည်

ထို့ကြောင့် ကျေးလက်နေ ပြည်သူများအနေဖြင့် ကျေးရွာချင်းဆက်လမ်းမများကနေ ပြည်ထောင်စုလမ်းမကြီးကနေတစ်ဆင့် ဖျာပုံတံတားကိုဖြတ်ကာ တစ်နိုင်ငံလုံးကိုအခက်အခဲအဟန့်အတားမရှိ ကုန်းလမ်းကနေ ကူးလူးဆက်သွယ်သွားလာနိုင်ပြီဖြစ်ကြောင်း၊ ကုန်စည်စီးဆင်းမှုလည်း သွက်လက်လာတော့မည်ဖြစ်သည့်အတွက် ဧရာဝတီတိုင်းအနေဖြင့် မကြာခင်ကာလတွင် ယခုထက်ပိုပြီး ဖွံ့ဖြိုးတိုးတက်လာတော့မည် ဖြစ်ကြောင်း၊ ၎င်းနှင့်စပ်လျဉ်းပြီး နိုင်ငံတော်အကြီးအကဲဗိုလ်ချုပ်မှူးကြီးသန်းရွှေက **"ဒေသအသီးသီး ဖွံ့ဖြိုးတိုးတက်ရေးဟာ ဒေသခံပြည်သူများ ဆောင်ရွက်မှုအပေါ်တွင် အဓိကတည်မှီလျက်ရှိကြောင်း၊ တစ်နည်းအားဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအင်အားစုမှာ ဒေသခံပြည်သူများသာဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရပိုင်းက လိုအပ်သော အားပေးမှု၊ အထောက်အကူပြုမှုများဖြင့် အခြေအနေကောင်းများကိုသာ ဖန်တီးပေးနိုင်ကြောင်း၊ ဧရာဝတီတိုင်းအတွင်းရှိ သယံဇာတများကိုအခြေခံ၍ ကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားအောင် အားထုတ်နိုင်မှသာ ဧရာဝတီတိုင်း၏ ဖွံ့ဖြိုးတိုးတက်မှုလည်း အခြေခိုင်မာလာမည်ဖြစ်ကြောင်း"** လမ်းညွှန် မိန့်ကြားထားပါကြောင်း။

ဤလမ်းညွှန်ချက်ကို လုပ်ငန်းလမ်းညွှန်မှုအဖြစ်ခံယူပြီး မိမိဒေသကြီး ဖွံ့ဖြိုးတိုးတက်စေရမည်ဆိုသည့်စိတ်ဓာတ်ဖြင့် ၂၀၀၆-၂၀၀၇ခုနှစ် စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ အောင်မြင်မှုများရရှိခဲ့ကြောင်း။

ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်

လမ်းပန်းဆက်သွယ်ရေးအခြေအနေ ကောင်းမှုအပေါ် ပြည်သူလူထုတစ်ရပ်လုံးက လုပ်အားနှင့်ယှဉ်ပြီး တက်ညီလက်ညီ ကြိုးပမ်းကြမည်ဆိုရင် ဧရာဝတီတိုင်း၏ ဖွံ့ဖြိုးတိုးတက်မှုသည်လည်း အရှိန်အဟုန်ဖြင့် တိုးတက်အောင်မြင်ဖြစ်ထွန်းလာမည်ဖြစ်ကြောင်းကို ပြောကြားလိုကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ဧရာဝတီတိုင်း ဖွံ့ဖြိုးတိုးတက်အောင် ဖျာပုံတံတားကြီးကို စေတနာထားပြီး တည်ဆောက်ပေးခဲ့သည့်အတွက် ဒေသခံတိုင်းရင်းသားများအနေဖြင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ပြီး စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရကို ဧရာဝတီတိုင်း ဒေသခံပြည်သူလူထုကိုယ်စား ကျေးဇူးတင်ရှိပါကြောင်းနှင့် ဒေသခံပြည်သူလူထုအနေဖြင့်လည်း နိုင်ငံတော်၏ကျေးဇူးကိုတုံ့ပြန်သည့်အနေဖြင့် တံတားကြီးရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းကာကွယ် စောင့်ရှောက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသွားသည်။

ဆက်လက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောထွန်းက ဖျာပုံတံတားဆောက်လုပ်ရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာတွင် ဧရာဝတီမြစ်ကူးတံတားတစ်စင်းဖြစ်သည့် အနော်ရထာတံတား တည်ဆောက်နေမှုကို နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကိုယ်တိုင် လာရောက်စစ်ဆေးစဉ်က-

"ဧရာဝတီမြစ်ကြီးခြားနေမှုကြောင့် တိုးတက်ဖွံ့ဖြိုးမှု နောက်ကျနေသော ဧရာဝတီမြစ် အနောက်ခြမ်းဒေသများ တိုးတက်ဖွံ့ဖြိုးရေးကို အလေးထားဆောင်ရွက်ပေးရမှာဖြစ်ကြောင်း၊ ဧရာဝတီမြစ် အနောက်ဘက်ကမ်းနဲ့ အရှေ့ဘက်ကမ်း ဆက်စပ်ပေးရန်လိုကြောင်း" လမ်းညွှန်မိန့်ကြားခဲ့ကြောင်း။

အဓိကထားအသုံးပြုနိုင်

ဧရာဝတီတိုင်း ဖျာပုံခရိုင် ဖျာပုံမြို့သည် မြန်မာပြည်အောက်ပိုင်း တောင်ဘက်စွန်း၌ တည်ရှိကြောင်း၊မြစ်ချောင်းအင်းအိုင် မြစ်လက်တက်များ အလွန်ပေါများကြောင်း၊ ယခင်အားလုံးသိကြသည့်အတိုင်း ဧရာဝတီမြစ်ကြီး၏ ရေလမ်းတစ်ခုတည်းကိုသာ အဓိကထား အသုံးပြုနိုင်ခဲ့ကြောင်း။

ဧရာဝတီတိုင်းအတွင်း၌ ၁၉၈၈ခုနှစ် မတိုင်မီကာလက ကားလမ်း မိုင် ၄၀၀ ကျော်သာရှိခဲ့ရာက ယနေ့ဆိုလျှင် ကားလမ်းမိုင် ၁၃၀၀ ကျော် ရှိလာခဲ့ပြီ၊ ယခုဆိုလျှင် ရန်ကုန်မြို့ကနေ ဘုရင့်နောင်တံတား၊ ဗိုလ်မြတ်ထွန်းတံတားတို့က တစ်ဆင့် ဓနုဖြူ-ဇလွန်-ဟင်္သာတဘက်၊ ပန်းတနော်-အိမ်မဲ-ပုသိမ်ဘက်တို့ကို နေ့ချင်းပြန် ခရီးပေါက်ခဲ့ပြီဖြစ်၊ တိုင်းကြီးနှစ်တိုင်း၏ မြို့တော်နှစ်ခုသည် အနေနီးခဲ့ကြသော်လည်း ယခုခေတ် ကာလကျမှ နေ့ချင်းပြန် ခရီးပေါက်ခဲ့ခြင်းဖြစ်။

ရင်းရင်းနှီးနှီး နှုတ်ဆက်

လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှု ဗဟိုအဖွဲ့ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဖျာပုံတံတားဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ယခုဆိုလျှင်လမ်းတံတားများ အစီအရီတစ်ခုပြီးတစ်ခု ပေါ်ပေါက်လာသည့်အတွက် ဖျာပုံမှတစ်ဆင့် အနောက်ဘက် ဘိုကလေးမြို့ဘက်သို့ သွားနိုင်သကဲ့သို့ ရန်ကုန်-ညောင်တုန်း-မအူပင်၊ ကျိုက်လတ်-ဖျာပုံ-ဒေးဒရဲ-ကွမ်းခြံကုန်း-တွံတေး-ရန်ကုန် လမ်းကွန်ရက်ပတ်လမ်းသည် (Road Network Loop)လည်း ကျယ်ဝန်း ပေါက်မြောက် သွားရောက်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ပင်လယ်ကမ်းစပ်ဒေသများဖြစ်သည့် ကျုံကဒန်း-မြို့ကုန်း-ဒေါ်ညိမ်း-ဆိပ်မ-နောက်မီး-အမာမြို့များအထိ အတိုဆုံးခရီးဖြင့် လမ်းများပွင့်သွားပြီဖြစ်ကြောင်း။

ဤသည်မှာ ဖျာပုံတံတားကြီး ပြီးစီးအောင်မြင်မှုကြောင့် ချက်ချင်းလက်ငင်း လက်တွေ့ အကျိုးခံစားရမည့် အကျိုးသက်ရောက်မှုအချို့ကို လက်တွေ့ပြလိုက်ခြင်းဖြစ်ကြောင်း။

တံတားအများဆုံး

ဖျာပုံတံတားသည် သံမဏိသံပေါင် အမျိုးအစားဖြစ်ပြီး တံတားအောက်အုတ်မြစ်သည် သံကူကွန်ကရစ်အမျိုးအစားဖြစ်ကြောင်း၊ပင်မတံတားအပါအဝင် တံတား၏စုစုပေါင်းအရှည်မှာ ၃၉၃၃ပေဖြစ်ကြောင်း၊ ဤတံတားကြီးသည် ၁၉၈၈ခုနှစ်နောက်ပိုင်း တည်ဆောက်ဖွင့်လှစ်သည့် ပေ ၁၈၀နှင့် အထက်တံတားကြီးများ၏ ၂၀၃စင်းမြောက် တံတားဖြစ်ကြောင်း၊လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ၂ စင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာနက ၇ စင်းနှင့် တပ်မတော်က ၁၁စင်း အပါအဝင်ဆိုလျှင် ၂၂၃စင်းရှိပြီဖြစ်ကြောင်း၊ ဧရာဝတီတိုင်းအတွင်း၌ဆိုလျှင် ၄၃ စင်း မြောက်တံတားဖြစ်ကြောင်း၊ ဧရာဝတီတိုင်းသည် မြစ်ချောင်း ထူထပ်သည့်ဒေသဖြစ်၍ ပြည်နယ်တိုင်းအားလုံးထဲတွင် တံတားအများဆုံး တည်ဆောက်ပေးခဲ့ရသည့် တိုင်းဖြစ်ကြောင်း။

ဘက်စုံဖွံ့ဖြိုး

ဖျာပုံတံတားကို ၂၀၀၃ခုနှစ် ဧပြီလက စတင်တည်ဆောက်ခဲ့ပြီး ယနေ့တွင် ပြီးစီးအောင်မြင် ဖွင့်လှစ်နိုင်ခြင်းဖြစ်ကြောင်း၊ မြန်မာပြည်၏ အရှေ့ဘက်ခြမ်းနှင့် အနောက်ဘက်ခြမ်းကို ဆီးတားထားခဲ့သည့် ဧရာဝတီမြစ်ကြီးပေါ်တွင် တံတားကြီး (၇)စင်းကို တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့သည့်အပြင် မန္တလေးနှင့်စစ်ကိုင်းကို ဆက်သွယ်သွားလာနိုင်မည့် ဧရာဝတီမြစ်ကူး ရတနာပုံတံတားကြီးကိုလည်း မကြာမီဖွင့်လှစ်ပေးနိုင်အောင် ဆောင်ရွက်နေကြောင်း၊ရေကိုသား၍ အကြားမထင်ဆိုသည့်စကားပုံကဲ့သို့ ဧရာဝတီမြစ်၏ အရှေ့ခြမ်းနှင့်အနောက်ခြမ်း တစ်သားတည်းဖြစ်နေပြီဆိုသည်ကို တွေ့ရမည်ဖြစ်သကဲ့သို့ ဤတံတားကြီးများ၏ အကျိုးကျေးဇူးကြောင့် ဘက်စုံဖွံ့ဖြိုးတိုးတက်နေသည်ကိုလည်း တွေ့မြင်ကြရမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒေသခံပြည်သူများ၏ကိုယ်စား ဖျာပုံမြို့နယ်မှ ဦးဝင်းမြင့်က နိုင်ငံတော်အစိုးရက လမ်းတံတားများကို တိုးတက်တည်ဆောက် ဖွင့်လှစ်ပေးမှုကြောင့် ဒေသဖွံ့ဖြိုးတိုးတက်မှုများရရှိခံစားကြရသဖြင့် ဒေသခံပြည်သူများကိုယ်စား နိုင်ငံတော်အစိုးရအား ကျေးဇူးတင်ရှိပါကြောင်းဖြင့် ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ဖျာပုံတံတား

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများသည် ဖွင့်ပွဲကျင်းပမည့် တံတားပေါ်ရှိ မုခ်ဦး ရှေ့၌ နေရာယူကြပြီး မင်္ဂလာအချိန်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောထွန်းတို့က ဖဲကြိုးဖြတ်၍ ဖျာပုံတံတားကို ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များ တာဝန်ရှိသူများသည် ဒေသခံပြည်သူများနှင့်အတူ ဖျာပုံတံတားသစ်၏ မုခ်ဦးရှေ့၌ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဖျာပုံတံတားကို ဤသို့တွေ့ရစဉ်။
(သတင်းစဉ်)

မှတ်တမ်းတင် ဓာတ်ပုံရိုက်

လမ်းပန်း ဆက်သွယ်မှုလုံခြုံ ချောမွေ့စေရေး ကြီးကြပ်မှု ဗဟို အဖွဲ့ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြစဉ်။
(သတင်းစဉ်)

ပက်ဖျန်း

ထို့နောက် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးကြီးကြပ်မှု ဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က စက်ခလုတ်နှိပ်၍ ဖျာပုံတံတား ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကိုဖွင့်လှစ်ပေးပြီး ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ကို နံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးဗိုလ်ချုပ်သူရမြင့်အောင်နှင့် ဝန်ကြီးဗိုလ်ချုပ်စောထွန်းတို့က တံတားကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ကို နံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ဖြတ်သန်း

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများသည် ဖျာပုံတံတား ပေါ်မှ ဖြတ်သန်းကြည့်ရှုကြသည်။

အဆိုပါ ဖျာပုံတံတားမှာ အပေါ်ထည် သံမဏိသံပေါင်နှင့် အောက်ထည်ကို သံကူကွန်ကရစ်ဖြင့် တည်ဆောက်ထားပြီး ချဉ်းကပ်တံတားကို အပေါ်ထည် သံမဏိရက်မနှင့် သံကူကွန်ကရစ်၊ အောက်ထည်ကို သံကူကွန်ကရစ်တို့ဖြင့် တည်ဆောက်ထားသည်။ ပင်မတံတားအရှည်မှာ ၁၃၇၂ပေ ရှစ်လက်မနှင့် ချဉ်းကပ်တံတား၏ အရှည်မှာ ပေ၂၅၆၀ရှိသည်။ တံတားမှာ ယာဉ်သွားလမ်းအကျယ် ၂၈ပေ (နှစ်လမ်းမောင်း)ဖြစ်ပြီး လူသွားလမ်းအကျယ် တစ်ဖက်လျှင် ခြောက် ပေစီရှိသည်။ ရေလမ်းကင်းလွတ်အမြင့် ၃၆ပေ၊ ရေလမ်းကင်းလွတ်အကျယ်မှာ ၂၆၅ပေရှိပြီး ခွင့်ပြုယာဉ်အလေးချိန်မှာ ၃၆တန် (နှစ်လမ်း မောင်း) ဖြစ်ကြောင်း သိရှိရသည်။

တံတားဖွင့်ပွဲအခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များသည် ဖျာပုံမြို့၏ ဖွံ့ဖြိုးတိုးတက်စည်ပင်မှုများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။ **(သတင်းစဉ်)**

ဖျာပုံတံတား

ဖျာပုံတံတားမှာ အပေါ်ထည် သံမဏိသံပေါင်နှင့် အောက်ထည်ကို သံကူကွန်ကရစ်ဖြင့် တည်ဆောက်ထားပြီး ချဉ်းကပ်တံတားကို အပေါ်ထည် သံမဏိရက်မနှင့် သံကူကွန်ကရစ်၊ အောက်ထည်ကို သံကူကွန်ကရစ်တို့ဖြင့် တည်ဆောက်ထား။ ပင်မတံတား အရှည်မှာ ၁၃၇၂ပေ ရှစ်လက်မနှင့် ချဉ်းကပ်တံတား၏ အရှည်မှာ ပေ၂၅၆၀ရှိ၊ တံတားမှာ ယာဉ်သွားလမ်းအကျယ် ၂၈ပေ(နှစ်လမ်းမောင်း)ဖြစ်ပြီး လူသွားလမ်းအကျယ်တစ်ဖက်လျှင် ခြောက်ပေစီရှိ။

မြစ်ကြီးနား-အကျဲ-ဆင်ဘိုလမ်းပိုင်းနှင့် ဆင်ဘို-နားလုံ(ခရာ)လမ်းများ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၂၀

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများလိုက်ပါလျက် မတ် ၁၈ရက် နံနက် ၆နာရီ ၄၅မိနစ်က ခရိုင်ချင်းဆက် လမ်းအမှတ်(၃) မိုင်တိုင်အမှတ်(၁၂/၀)ရှိ အကျဲ-ဆင်ဘို-ပိန်းခွန်ယန်-မြို့လုလမ်းပိုင်းထိပ်သို့ ရောက်ရှိကြပြီး လမ်းပိုင်းလမ်းညွှန်မြေပုံနှင့် လမ်းညွှန်ဆိုင်းဘုတ်များကိုလည်းကောင်း၊ ခရိုင်ချင်းဆက်လမ်း၌ ဒေသခံပြည်သူများ ခရီးသည်တင်ယာဉ်ငယ်များဖြင့် ဆက်သွယ်သွားလာအသုံးပြုနေမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ အကျဲရွာရှိ မူလလမ်းဟောင်းနှင့်ဆုံသည့် လမ်းဆုံနေရာ၌ လမ်းပိုင်း၏ မိုးတွင်းကာလ၌ ရေလွှမ်းနိုင်မှုအခြေအနေများကို မေးမြန်းပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လမ်း၏အကွေ့ထောင့်များကို ပြေလျောအောင်ဖြေပြီး လမ်းသားမြှင့်တင်ရန် တာဝန်ရှိသူများအား မှာကြားသည်။ ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မိုင်တိုင်အမှတ်(၁၅/၀)အနီးရှိ ဖရောကျေးရွာသို့ ရောက်ရှိကြပြီး ကျေးရွာပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ဆက်လက်ထွက်ခွာကြရာ မိုင်တိုင်(၂၄/၀)အနီးရှိ မလိဆွတ်ယန်တံတားသို့ ရောက်ရှိကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် တံတား၏ ကြံ့ခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် နန့်တိန်းလုံကျေးရွာအနီးရှိ မိုးကောင်းသံပေါင်တံတားကို ဖြတ်သန်း ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မိုင်တိုင်အမှတ်(၃၂/၀)အနီးရှိ တိုကပ်ကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်းရှေ့သို့ ရောက်ရှိကြပြီး ကျောင်းနှင့် လမ်းပိုင်းအခြေအနေတို့ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို မှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မိုင်တိုင်(၄၂/၀)ရှိ နန့်တိန်းလုံကျေးရွာအနီး မိုးကောင်းချောင်းပေါ်ရှိ အလျား ၄၆၄ ပေ၊ အနံ ၁၃ ပေ၊ ခံနိုင်ဝန် ငါးတန်ရှိ မိုးကောင်း သံပေါင်တံတားပေါ် ဖြတ်သန်း ကြည့်ရှုစစ်ဆေးရာ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က တံတားတည်ဆောက်မှု အခြေအနေနှင့် ချောင်းရေစီးဆင်းမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်အား တံတားတည်ဆောက်ရေး တာဝန်ခံက နန့်တိန်းလုံတံတား တည်ဆောက်မှုနှင့် မြစ်ကြီးနား-ဆင်ဘို-ကျောက်ကြီးလမ်းပိုင်းနှင့် ဆင်ဘို-ဟိုပင်လမ်းပိုင်း ဖောက်လုပ်မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဆက်လက်ထွက်ခွာကြရာမိုင်တိုင်အမှတ်(၅၃/၄) အနီး၌ စက်ယန္တရားဖြင့် လမ်းချဲ့ထွင်ခြင်းနှင့် အလင်းဖွင့်ခြင်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ဆင်ဘိုမြို့သို့ ရောက်ရှိသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဆင်ဘိုမြို့မှ ခရိုင်ချင်းဆက် လမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြရာ မြင်သာကျေးရွာသို့ ရောက်ရှိကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မြင်သာကျေးရွာအနီးရှိ ဆိပ်ကမ်းမှ ရေယာဉ်များဖြင့် အရှေ့ဘက်ကမ်းသို့ ဖြတ်ကူးကြပြီး ဧရာဝတီမြစ်၏ ပထမမြစ်ကျဉ်းအစကို ကြည့်ရှုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ဧရာဝတီမြစ် အရှေ့ဘက်ကမ်းအတိုင်း မြစ်ကျဉ်းဘေးတစ်လျှောက် လမ်းကြောင်း ဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးကြရာ ကျောက်တွင်းသို့ ရောက်ရှိကြသည်။ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ပထမမြစ်ကျဉ်း အခြေအနေများနှင့် ဧရာဝတီမြစ် အနောက်ဘက်ကမ်းမှ ကျောက်တွင်းသို့ ဆက်စပ်၍ အနောက်ဘက်ကမ်းတွင် စက်ယန္တရားများဖြင့် လမ်းဖောက်လုပ်နေမှုအခြေအနေများ၊ အရှေ့ဘက်ကမ်းနှင့် အနောက်ဘက်ကမ်း တံတားဖြင့် ဆက်သွယ်နိုင်မည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

မြေသားလမ်း

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆင်ဘို-နားလုံ(ခရာ) လမ်းတစ်လျှောက်၌ မြေသားလမ်း ဖောက်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြရာ ဆင်ဘို-နားလုံ(ခရာ)လမ်းမှ ဝဲကြီးရွာနှင့် ဆွန်ဒွရွာသို့ ဆက်သွယ်ထားသော လမ်းခွဲထိပ်သို့ ရောက်ရှိကြရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လမ်းဖောက်လုပ်ပြီးစီးမှုနှင့် ဒေသခံပြည်သူများ၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဝဲကြီး-နားလုံလမ်းကြောင်းပေါ်ရှိ မြောက်ပိုင်းတော်ဝင်ကျောက်စိမ်းကုမ္ပဏီ လီမိတက်၏ ရော်ဘာ၊ ကျွန်း၊ ပျဉ်းကတိုး၊ စကားဝါ၊ ရေမနေစိုက်ခင်းသို့ ရောက်ရှိကြရာ ကုမ္ပဏီ၏ ဒါရိုက်တာ ဦးလှစံက စိုက်ခင်းဧက ၃၀၀၀၀ အနက် တောခုတ်ရှင်းလင်းပြီးစီးမှုဧက ၈၅၀၀၊ ကျွန်းခွဲပြီးစီးမှုဧက ၄၇၀၀၊ ပန္နက်ရိုက်ကျင်းတူးဖော်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က စိုက်ပျိုးရန် မြေပြင်ဆင်ထားမှုကို ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာရာ နားလုံရွာအရှေ့ဘက် ဗန်းမော်-မြစ်ကြီးနားလမ်း မိုင်တိုင်(၄၂၇)ရှိ ကျွန်းပျိုးပင် ၁၅ သိန်း၊ ရော်ဘာပျိုးပင် ၁၅ သိန်း၊ ရေမနေ၊ ပျဉ်းကတိုး၊ စကားဝါပျိုးပင် ငါးသိန်းစီ ပျိုးထောင်ထားသည့် ပျိုးခင်းနှင့် ပျိုးခင်းအနီးရှိ ရေစုကန်တည်ဆောက်နေမှု၊ ရော်ဘာဧက ၃၆၀၀ စိုက်ခင်းတွင် ရော်ဘာများ စိုက်ပျိုးပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဗန်းမော်-မြစ်ကြီးနားလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာကြပြီး လမ်းအားကျောက်စီခင်းထားရှိမှု၊ လမ်းပတ်ဝန်းကျင်ရှိ ကျေးရွာများ၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေ၊ စိုက်ပျိုးဖြစ်ထွန်းမှုအခြေအနေများကို ဗန်းမော်-မြစ်ကြီးနားကားလမ်း မိုင်တိုင်(၄၃၆)ရှိ အရှည်ပေ ၄၀၀၊ ခံနိုင်ဝန်တန် ၂၀ ရှိ နန့်ဆန်ယန်တံတားကြံ့ခိုင်မှုအခြေအနေနှင့် နန့်ဆန်ယန်ချောင်း၏ ရေစီးရေလာ အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး တံတားရေရှည်တည်တံ့ရေးအတွက် လိုအပ်သည်များကို ဆက်လက်ထိန်းသိမ်းမွမ်းမံသွားရန် တာဝန်ရှိသူများအား မှာကြားသည်။

စိုက်ပျိုး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဆက်လက်ထွက်ခွာကြရာ ဝိုင်းမော်မြို့နယ် ရွှေညောင်ပင်ကျေးရွာအနီးရှိ နယ်မြေခံတပ်ရင်းရှိ ပျိုးခြံ၌ ရော်ဘာပျိုးပင် ၈၇၅၀၀၊ ငရုတ်ကောင်းပျိုးပင် ၁၀၀၊ ထောပတ်သီးပျိုးပင်၅၀၀၊ တည်းပျိုးပင် ၂၀၀၀နှင့် ခြစည်းရိုးကြက်ဆူ ပျိုးပင် ၇၅၀၀၀ ပျိုးထောင်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြရာ နယ်မြေခံတပ်ရင်းမှ ဒုတိယဗိုလ်မှူးကြီးလှထွန်းက ရော်ဘာ ၄၅ ဧကနှင့် ခြံစည်းရိုးကြက်ဆူ ဧက ၁၀၀ စိုက်ပျိုးပြီးစီးကြောင်း ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ပျိုးပင်များ အလေအလွင့်မရှိ စိုက်ပျိုးနိုင်ရန်နှင့် သတ်မှတ်ထားသော နည်းစနစ်များအတိုင်း တိုးတက်ဖြစ်ထွန်း အောင်မြင်အောင် စိုက်ပျိုးသွားရန် မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဗန်းမော်-မြစ်ကြီးနားလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် လမ်းပိုင်းရှိ လမ်းတံတားများအခြေအနေ၊ လမ်းဘေးဝဲယာရှိ စိုက်ခင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး ညနေပိုင်းတွင် မြစ်ကြီးနားမြို့သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

ဒုတိယမြို့နယ်တရားသူကြီးများ လုပ်ငန်းဝင်သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် မတ် ၂၀

တရားရုံးချုပ် ဒုတိယ မြို့နယ်တရားသူကြီးများ လုပ်ငန်းဝင် သင်တန်းအမှတ်စဉ်(၁၇)နှင့် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) အခြေခံဝန်ထမ်းလောင်း (အငယ်တန်း)သင်တန်း အမှတ်စဉ်(၃၇) သင်တန်းနှစ်ခုတို့တွင် ဆုရရှိသည့် ဒုတိယမြို့နယ်တရားသူကြီးများအား ဂုဏ်ပြုချီးမြှင့်ပွဲနှင့် သင်တန်းဆင်းလက်မှတ်များ၊ တာဝန်ပေးအပ်လွှာများ ချီးမြှင့်အပ်နှင်းသည့် အခမ်းအနားကို ယမန်နေ့မွန်းလွဲ ၂နာရီက ရန်ကုန်မြို့ရှိ တရားရုံးချုပ် အစည်းအဝေးခန်းမ(၂) (မြေညီထပ်)၌ ကျင်းပသည်။

ကြိုးစားဆောင်ရွက်

ရှေးဦးစွာ တရားရုံးချုပ်(ရန်ကုန်) ဒုတိယ တရားသူကြီးချုပ် ဦးသိန်းစိုးက သင်တန်းဆင်း အမှာစကားပြောကြားရာတွင် သင်တန်းမှပို့ချသည့် စာတွေ့လက်တွေ့ အတွေ့အကြုံများကို ပေါင်းစပ်၍ ဆောင်ရွက်ရန်၊ ဥပဒေလုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များ၊ အမိန့်များ၊ စီရင်ထုံးများကို အမြဲမပြတ်လေ့လာရန် လိုအပ်ကြောင်း၊ ဥပဒေနှင့်အညီ အမှန်တရားအတိုင်း ပြတ်သားရဲဝင့်ပြီး အဂတိတရား(၄)ပါး ကင်းသော၊ ပြည်သူက ယုံကြည်ကိုးစားသော၊ အကျင့်သီလ၊ သမာဓိ၊ သိက္ခာနှင့် ပြည့်စုံသော တရားသူကြီးကောင်းများဖြစ်အောင် ကြိုးစားဆောင်ရွက်သွားကြရန် မှာကြားသည်။ **(အောက်ပုံ)**

ပေးအပ်ချီးမြှင့်

ဆက်လက်၍ ဆုချီးမြှင့်ခြင်းနှင့် သင်တန်းဆင်းလက်မှတ်များ၊ တာဝန်ပေးအပ်လွှာများ ချီးမြှင့်ရာ ဒုတိယမြို့နယ်တရားသူကြီး လုပ်ငန်းဝင် သင်တန်းအမှတ်စဉ်(၁၇) နှင့် အခြေခံဝန်ထမ်းလောင်း (အငယ်တန်း) သင်တန်းအမှတ်စဉ်(၃၇) သင်တန်းနှစ်ခုပေါင်းတွင် ပထမဆုရ ဦးဇင်လင်းသန့်၊ ဒုတိယဆုရ ဒေါ်နန်းကိန်ခမ်း၊ သင်တန်းသားစံပြဆုရ ဦးပုည၊ သင်တန်းသူစံပြဆုရရှိသူ ဒေါ်ငွေးဇင်မော်တို့အား ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုးကလည်းကောင်း၊ သင်တန်းသား ပထမဆုရ ဦးသီဟကျော်၊ ဒုတိယဆုရ ဦးဇင်လင်းသန့်တို့အား တရားရုံးချုပ် တရားသူကြီး ဦးခင်မြင့်ကလည်းကောင်း၊ သင်တန်းသူ ပထမဆုရရှိသူ ဒေါ်နန်းကိန်ခမ်း၊ ဒုတိယဆုရရှိသူ ဒေါ်ဇင်ဇင်ခိုင်၊ သင်တန်းသူ စစ်ရေးပြထူးချွန်ဆုရရှိသူ ဒေါ်ဥမ္မာမောင်တို့အား တရားရုံးချုပ် တရားသူကြီး ဒေါက်တာတင်အောင်အေးကလည်းကောင်း သင်တန်းဆင်းမှတ်တမ်းလွှာနှင့် တာဝန်ပေးအပ်လွှာများကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြသည်။ **(သတင်းစဉ်)**

ပခုက္ကူမြို့ လူငယ်ယဉ်ကျေးလိမ္မာ အထူးသင်တန်းဖွင့်မည်

ရန်ကုန် မတ် ၂၀

မကွေးတိုင်း ပခုက္ကူမြို့ အမှတ်(၁၄)ရပ်ကွက် စနစ်သစ်ပုထိုးတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တ ကောသလ္လ(ပုလဲဖြူ-ငါ့သရောက်)နှင့် သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် ကထိက ဓမ္မကထိ အရှင်ဒေဝိန္ဒာဘိဝံသတို့ ဦးစီးဖွင့်လှစ်သော လူငယ်ယဉ်ကျေးလိမ္မာ အထူးသင်တန်းကို ဧပြီ ၅ ရက်မှ ၉ ရက်အထိ ငါးရက်တိုင်တိုင်ကျင်းပမည်ဖြစ်သည်။ တက်ရောက်လိုသူများသည် ၂၂ ရက်မှစ၍ ဘဒ္ဒန္တ ကောသလ္လ စနစ်သစ်ပုထိုးတိုက် ပခုက္ကူမြို့ ဖုန်း-၀၆၂-၂၂၅၇၅ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျိုင်းတုံမြို့ အမှတ်(၃) ရပ်ကွက် ချယ်ရီလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကျင်းပ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း တက်ရောက်အားပေး

နေပြည်တော် မတ် ၂၀

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် မတ် ၁၇ ရက် နံနက် ၉ နာရီက နယ်မြေခံဌာနချုပ် ဧည့်ရိပ်သာမှ မော်တော်ယာဉ်များဖြင့်ထွက်ခွာလာကြရာ ကျိုင်းတုံမြို့ အမှတ်(၃) ရပ်ကွက်၌ ကျင်းပသော (၆၂)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဖွင့်လှစ်သည့် ချယ်ရီလမ်းကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

ရှေးဦးစွာ ကျိုင်းတုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးခင်ကျော်က ချယ်ရီလမ်း ကတ္တရာလမ်းသစ်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ဒေသခံပြည်သူလူထုကိုယ်စား ဦးစိုင်းထွန်းအေးက ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ အမှုဆောင်အရာရှိ ဦးခင်ကျော်က ကတ္တရာလမ်းသစ်ဖွင့်ပွဲအထိမ်းအမှတ်အလံများကို ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် အမှတ်(၃)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုင်းဆီနွန်းတို့အား ပေးအပ်သည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ယင်းနောက် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း) အတွင်းရေးမှူး ဦးမြအောင်၊ ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုးနှင့် အမှတ်(၃)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုင်းဆီနွန်းတို့က အရှည်ပေ ၁၁၀၀၊ အကျယ် ၁၂ ပေရှိ ချယ်ရီလမ်း ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်က ချယ်ရီလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ဒုတိယ ဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့သည် ကတ္တရာလမ်းသစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ကာကွယ်ဆေး

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့သည် ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များလိုက်ပါလျက် ကျိုင်းတုံမြို့ မြို့သစ် (၁)ရပ်ကွက် (၄)ဓမ္မဝုန်းဘုန်းတော်ကြီးကျောင်းဝင်း အတွင်း ကျင်းပသော အစုလိုက် ဝက်သက်ရောဂါ ကာကွယ်ဆေးထိုး အစီအစဉ် ဆောင်ရွက်နေရာသို့ ရောက်ရှိကြပြီး အသက်(၉)လမှ (၅)နှစ် အရွယ်ကြားကလေးများအား ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးနှံနေမှုကို ကြည့်ရှုစစ်ဆေးကာ ကလေးငယ်များအားစားစရာ လက်ဆောင်များ ပေးအပ်သည်။

ယခုသတ်မှတ်နေရာ၌ကလေးငယ် ၃၇၀ အား ဝက်သက်ကာကွယ်ဆေးထိုးပေးကြောင်း သိရသည်။

ကျိုင်းတုံခရိုင်အတွင်း အစုလိုက်ဝက်သက်ရောဂါကာကွယ်ဆေးထိုးအစီအစဉ်ကို မတ် ၁၇ရက်မှ ၃၀ ရက်အထိ သတ်မှတ်နေရာ ၅၄နေရာတို့၌ အသက်(၉)လမှ (၅)နှစ်အရွယ်ကြား ကလေးငယ်ပေါင်း ၂၂၀၈၀ ကို ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးရန် စီစဉ်ထားကြောင်း သိရှိသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ကျိုင်းတုံမြို့ ဘိုးဘွားရိပ်သာသို့ ရောက်ရှိကြပြီး ဘိုးဘွားများအား လက်ဆောင်ပစ္စည်းများပေးအပ်ကာ ဘိုးဘွားရိပ်သာအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့သည် ခုတင် ၃၀၀ တပ်မတော်ဆေးရုံ၌ကျင်းပသည့် အသက်(၉)လမှ(၅)နှစ်အကြား ကလေးငယ် ၉၅၀တို့အား ဝက်သက်ကာကွယ်ဆေးထိုးနှံပေးနေမှုကို ကြည့်ရှုအားပေးကြပြီး ကလေးငယ်များအား စားစရာလက်ဆောင်ပစ္စည်းများပေးအပ်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်အဖွဲ့သည် နေပြည်တော်လေဆိပ်သို့ ပြန်လည်ထွက်ခွာကြရာ တိုင်းမှူး၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များကကျိုင်းတုံလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

(သတင်းစဉ်)

လက်ဆောင်ပစ္စည်းပေးအပ်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ကျိုင်းတုံမြို့ ဘိုးဘွားရိပ်သာရှိ ဘိုးဘွားများအား လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။

(သတင်းစဉ်)

၂၀၀၅ ခုနှစ် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုရ ရုပ်ရှင်အနုပညာရှင် အတတ်ပညာရှင်များအား ဂုဏ်ပြု

ရန်ကုန် မတ် ၂၀

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမိသားစုက ၂၀၀၅ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင် ထူးချွန်ဆု (အကယ်ဒမီဆု)ရ ရုပ်ရှင်အနုပညာရှင် အတတ်ပညာရှင်များအား ဂုဏ်ပြုပွဲအခမ်းအနားကို ယမန်နေ့ ည ၇ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝင်္ကပါလမ်းရှိ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး အဆောက်အအုံရှေ့၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်ချီးမြှင့်အားပေးသည်။

တက်ရောက်

အဆိုပါ ဂုဏ်ပြုပွဲအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများ မြန်မာ့ရုပ်ရှင်အဆင့်အတန်းမြှင့်တင်ရေး အကဲဖြတ်အဖွဲ့ဝင်များ၊ ရုပ်ရှင်ဆင်ဆာအဖွဲ့နှင့် ဗီဒီယိုဆင်ဆာအဖွဲ့တို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနာယကများ၊ ဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ ၂၀၀၅ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင် ထူးချွန်ဆု (အကယ်ဒမီဆု)ရ ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာ ရှင်များနှင့် အထူးဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက တက်ရောက်လာကြသည့် ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး နာယက ဦးခင်ဇော်က ဂုဏ်ပြုအမှာစကားပြောကြားသည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး နာယကများဖြစ်ကြသော ဦးတင်ယု၊ ဗိုလ်ကလေး တင့်အောင်၊ ဦးမြင့်စိုး၊ ဦးခင်ဇော်နှင့် ဦးညွန့်ဝင်းတို့က ၂၀၀၅ ခုနှစ်အတွက်မြန်မာ့ရုပ်ရှင်ထူးချွန်ဆု(အကယ်ဒမီဆု)ရရှိခဲ့ကြသည့် ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များအား မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ဂုဏ်ပြုချီးမြှင့်သည့် ငွေကျပ်နှစ်သိန်းစီ၊ မင်္ဂလာအဆင့်မြင့် ရုပ်ရှင်ရုံအုပ်စု ကိုယ်စား မန်နေဂျင်းဒါရိုက်တာ ဦးဇော်မင်းကဂုဏ်ပြုချီးမြှင့်သည်ငွေကျပ်တစ်သိန်းစီနှင့် May and Mark ရတနာကုမ္ပဏီမန်နေဂျင်းဒါရိုက်တာ ဒေါ်ခေါန်နန်းက ဂုဏ်ပြုချီးမြှင့်သည့် ငွေကျပ်တစ်သိန်းစီတို့ကို တစ်ဦးချင်းသို့ ပေးအပ်ချီးမြှင့်ကြသည်။

ရုပ်သိမ်း

ထို့နောက် ဂုဏ်ပြုချီးမြှင့်ခံရသည့် ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များကိုယ်စား **ကျွန်စစ်မင်း** ဇာတ်ကားမှ ဇာတ်ကားဆုနှင့် အကောင်းဆုံး အမျိုးသား ဇာတ်ဆောင်ဆုရှင် ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီသုံးဆုရှင် လူမင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ဂုဏ်ပြုပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တည်ခင်း

ဂုဏ်ပြုပွဲ အခမ်းအနားအပြီးတွင် ဝန်ကြီးနှင့်ဧည့်သည်များ၊ ရုပ်ရှင် အနုပညာရှင်၊ အတတ်ပညာရှင်များအား မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

(သတင်းစဉ်)

ရင်းရင်းနှီးနှီးနှုတ်ဆက်

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမိသားစုက ၂၀၀၅ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု)ရ ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များအား ဂုဏ်ပြုပွဲတွင် တက်ရောက်လာကြသည့် ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန သင်တန်းဆင်းပွဲများကျင်းပ

ရန်ကုန် မတ် ၂၀

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၏တန်းမြင့်မြေတိုင်းသင်တန်း အမှတ်စဉ်(၉)၊ လုပ်ငန်းခွင်မြေတိုင်းတာခြင်းနှင့် မြေစာရင်းသင်တန်း အမှတ်စဉ်(၂၆)၊ အခြေခံကွန်ပျူတာ သင်တန်းနှင့် GPS Short Course သင်တန်းအမှတ်စဉ်(၃) သင်တန်းများဆင်းပွဲကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းတိုက်ကြီးမြို့နယ် ဗဟိုမြေစာရင်းဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေးရေး သင်တန်းကျောင်း၌ကျင်းပရာ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကြည် တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားသည်။

အဆိုပါ သင်တန်းဆင်းပွဲတွင် တန်းမြင့်မြေတိုင်းသင်တန်း အမှတ်စဉ်(၉)၌ သင်တန်းသား ၉၀၊ လုပ်ငန်းခွင် မြေတိုင်းတာခြင်းနှင့် မြေစာရင်းသင်တန်း အမှတ်စဉ်(၂၆)၌ သင်တန်းသား ၁၅၈ ဦး၊ အခြေခံကွန်ပျူတာသင်တန်းနှင့် GPS Short Course သင်တန်းအမှတ်စဉ်(၃)၌ သင်တန်းသား ၂၀ စုစုပေါင်း သင်တန်းသား ၂၆၈ ဦးတို့အား ညွှန်ကြားရေးမှူးချုပ်က သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ချီးမြှင့်လိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆွမ်းဆန်တော်ရေစက်ချ အလှူတော်မင်္ဂလာကျင်းပမည်

ရန်ကုန် မတ် ၂၀

ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် အဖျောက်မြို့ မဟာသံတန်ဆောင်းဘုရားကြီး နှစ်(၉၀)ပြည့် အထိမ်းအမှတ်အဖြစ် မင်္ဂလာဒုံမြို့နယ် တောတိုက်ဓမ္မရိပ်သာကျောင်းတိုက်များ၏ ဦးစီးပဓာန မဟာနာယက ရွှေတိဂုံ၊ ဗိုလ်တထောင်၊ ရွှေပြည်သာမြို့ဦး၊သာစုကန်စေတီတော် ဂေါပကအဖွဲ့များ၏ ဩဝါဒါစရိယ၊ နိုင်ငံတော်ဩဝါဒါစရိယ၊အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ကျေးဇူးတော်ရှင် ဘဒ္ဒန္တဓမ္မသာရ မဟာထေရ်အမှူးပြုသော သံဃာတော် အပါး ၂၉၀ကျော်တို့အား ဆွမ်းဆန်တော် လှူဒါန်းရေစက်ချပွဲကို မတ် ၃၀နှင့် ၃၁ရက်တွင် အရှင်ဝိနယာလင်္ကာရ ဓမ္မာစရိယ၊ ဂဏဝါစကသာမဏေကျော်၊ ဝိနယဝိဒူကလည်းကောင်း၊ ဧပြီ ၁ ရက်တွင် ဘဒ္ဒန္တဓမ္မသာရ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇကလည်းကောင်း အဖျောက်မြို့ မဟာသံတန်ဆောင်းဘုရားကြီး ပရိဝုဏ်အတွင်း၌ တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ဆရာဝန်ညီလာခံအတွက် ဆေးကိုယ်စားလှယ်များအား တွေ့ဆုံဆွေးနွေး

ရန်ကုန် မတ် ၂၀

(၅၄) ကြိမ်မြောက် ဆရာဝန်ညီလာခံဖြစ်မြောက်ရေးကော်မတီသည် ဆရာဝန်ညီလာခံအတွက် ဆေးနှင့်ဆေးပစ္စည်း ကိုယ်စားလှယ်များအား မတ် ၃၁ ရက် မွန်းလွဲ၂ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်း အဆောက်အအုံ၌ တွေ့ဆုံဆွေးနွေးမည်ဖြစ်ပါ၍ ဆေးကိုယ်စားလှယ်များ အားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားထားသည်။

(သတင်းစဉ်)

ကျောက်စိမ်းအတွဲများ ဈေးပြိုင်စနစ်ဖြင့် ဆက်လက်ရောင်းချ ပြည်တွင်းပြည်ပ ရတနာကုန်သည်များ အပြိုင်အဆိုင်ဝယ်ယူ

ရန်ကုန် မတ် ၂၀

မြန်မာ့ ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ် အုန်းမြင့်သည် ပြပွဲဗဟိုကော်မတီအတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေနှင့် ဗဟိုကော်မတီဝင်များလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ ခန်းမ၌ ကျင်းပလျက်ရှိသော ၂၀၀၇ ခုနှစ် (၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ကျောက်စိမ်းအတွဲများ ဈေးပြိုင်စနစ်ဖြင့် ရောင်းချနေမှုကို ကြည့်ရှုအားပေးပြီး ပြည်တွင်းပြည်ပ ရတနာကုန်သည်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ချီးမြှင့်

မွန်းလွဲပိုင်းတွင် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီနာယက ဝန်ကြီး ဗိုလ်မှူးချုပ် အုန်းမြင့်သည် (၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ ကျောက်စိမ်းအတွဲများကို ဈေးပြိုင်စနစ်ဖြင့် တန်ဖိုးအများဆုံးပေးဝယ်သူ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ရတနာကုန်သည် Mr. Thirapol Pattrajettitအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ငွေထည်လက်ဆောင်ပစ္စည်းများကို ပေးအပ်ချီးမြှင့်သည်။ **(အပေါ်ဓါတ်ပုံ)**

ဈေးပြိုင်စနစ်

(၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက် ရတနာပြပွဲ ကျောက်စိမ်း၊ကျောက်မျက်နှင့် ပုလဲအတွဲရောင်းချပွဲ အစီအစဉ်အရ နံနက်စနာရီတွင် ကျောက်စိမ်းအတွဲများကို ဈေးပြိုင်စနစ်ဖြင့် ဆက်လက်ရောင်းချရာ မွန်းလွဲပိုင်းအထိ ကျောက်စိမ်းအတွဲပေါင်း ၄၅ တွဲကို ပြည်တွင်းပြည်ပ ရတနာကုန်သည်များက အပြိုင်အဆိုင် ဝယ်ယူသွားကြသည်။

၂၀၀၇ခုနှစ်(၄၄)ကြိမ်မြောက်မြန်မာ့ ကျောက်မျက်ရတနာပြပွဲကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအတွဲများကို မတ် ၈ရက်မှ ၂၀ရက်အထိ တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချခဲ့ရာ ယနေ့ မွန်းလွဲ၂နာရီခွဲတွင် အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

ရောင်းချ

(၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အစီအစဉ်အရ မတ် ၈ရက်မှ၁၀ရက်အထိ ပုလဲအတွဲပေါင်း ၈၇တွဲကိုလည်းကောင်း၊ မတ်၁၂ရက်တွင် ကျောက်မျက်အတွဲပေါင်း ၄၇တွဲကို လည်းကောင်း၊ မတ်၁၃ရက်မှ ၂၀ ရက်အထိ ကျောက်စိမ်းအတွဲပေါင်း ၃၅၀၈တွဲကိုလည်းကောင်း ပြည်တွင်းပြည်ပရတနာ ကုန်သည်များအား တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချခဲ့ရာ ရတနာကုန်သည်များက အပြိုင်အဆိုင် ဝယ်ယူကြသည့်အတွက် ကျောက်စိမ်း၊ ကျောက်မျက်နှင့်ပုလဲ အတွဲစုစုပေါင်း ၃၆၅၂ တွဲကို ရောင်းချခဲ့ရသည်။

(၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ပြည်ပနိုင်ငံ ၁၃ နိုင်ငံ ကုမ္ပဏီ ၇၂၈ ခုတို့မှ ရတနာကုန်သည် ၂၀၆၉ ဦးနှင့် ပြည်တွင်းကုမ္ပဏီ ၄၄၀ တို့မှ နိုင်ငံသားရတနာကုန်သည် ၁၃၅၂ ဦး စုစုပေါင်း ရတနာကုန်သည် ၃၄၂၁ ဦးတို့ တက်ရောက်ဝယ်ယူခဲ့ကြသည်။

ပိုမိုများပြား

ယနေ့ ကျင်းပပြီးစီးသွားသည့် (၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာရောင်းချပွဲတွင် အရည်အသွေးကောင်းမွန်သည့် ကျောက်စိမ်း၊ကျောက်မျက်နှင့်ပုလဲအတွဲများကို အရေအတွက်ပိုမိုများပြားစွာ တင်ပြရောင်းချနိုင်ခဲ့သည့်အပြင် ပြည်တွင်းပြည်ပ ရတနာကုန်သည်များကလည်း ခန့်မှန်းထားသည်ထက် ပိုမိုတက်ရောက် ဝယ်ယူခဲ့ကြသည့်အတွက် ယခင်က ကျင်းပပြီးစီးခဲ့သော မြန်မာ့ကျောက်မျက်ရတနာရောင်းချပွဲများထက် ပိုမိုရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ပြည်သူလူထုအင်အားနှင့် လျှပ်စစ်သုံးစွဲသူ လိုအပ်ချက်အပေါ်မူတည် လျှပ်စစ်ဓာတ်အား ပြည့်ဝစွာပေးနိုင်ရေး စနစ်တကျဆောင်ရွက်

ရန်ကုန် မတ် ၂၀

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်မောင်စိုး၊ အင်ဂျင်နီယာချုပ် ဦးထွန်းအေးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် မတ် ၁၉ ရက် နံနက်ပိုင်းက ရန်ကုန်အရှေ့ပိုင်းခရိုင်ရှိ ရွှေပေါက်ကံမြို့ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးသို့ရောက်ရှိရာ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးဝင်းဇော်က လော်ကားဓာတ်အားခွဲရုံမှ လျှပ်စစ်ဓာတ်အားရရှိမှု အခြေအနေ၊ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ပိုင် ထရန်စဖော်မာ ၂၈ လုံး၊ ပုဂ္ဂလိကပိုင် ထရန်စဖော်မာ ၃၈ လုံး စုစုပေါင်း ထရန်စဖော်မာ ၆၆ လုံးတို့ဖြင့် မြို့ပေါ်ရပ်ကွက် (၁၁) ရပ်ကွက်၊ အစိုးရရုံးဌာနများ၊ စက်မှုဇုန်ရှိ စက်ရုံအလုပ်ရုံများကို ဓာတ်အားဖြန့်ဖြူး ပေးနေမှုအခြေအနေများ၊ လျှပ်စစ်ဓာတ်အားပေးဝေမှု၊ မီးလေးမျိုး လမ်းမီး၊ အိမ်သုံးမီး၊ ၂၄ နာရီမီးနှင့် စက်မှုဇုန်ရှိမီး စုစုပေါင်း ၇ ဒသမ ၈၆ မဂ္ဂါဝပ်ကို ယနေ့ စနစ်တကျဖြန့်ဝေပေးနေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဖြည့်စွက်ရှင်းလင်း

ဆက်လက်၍ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်မောင်စိုးနှင့် အင်ဂျင်နီယာချုပ် ဦးထွန်းအေးတို့က ရန်ကုန်မြို့ လော်ကားဓာတ်အားခွဲရုံမှ 33KV လိုင်းဖြင့် ပုလဲမြို့သစ် အမှတ်(၃) လမ်းမကြီးနှင့် (Mitsui) စက်မှုဇုန်၊ ရန်ကုန်ဇုန်တို့ကို ဖြတ်သန်း၍ ရွှေပေါက်ကံမြို့သို့ လျှပ်စစ်ဓာတ်အား သွယ်တန်းထားရှိမှုအခြေအနေများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးက ဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကားပြောကြားရာတွင် ပြည်သူလူထုအင်အား၊ လျှပ်စစ်မီးသုံးစွဲသူ လိုအပ်ချက်အပေါ်မူတည်ပြီး လျှပ်စစ်ဓာတ်အားပြည့်ဝစွာပေးနိုင်ရေးနှင့် နောင်အနာဂတ် တိုးတက်လာမည့် အင်အားနှင့် အခြေအနေကို မျှော်မှန်းပြီး စနစ်တကျ ဆောင်ရွက်သွားကြရန် လိုကြောင်း၊ လျှပ်စစ်မီးသည် ပြည်သူလူထုအားလုံးနှင့် သက်ဆိုင်နေလျက်ရှိသဖြင့် လျှပ်စစ်မီးလိုအပ်ချက်ကို အစဉ်အမြဲ သတိရှိရှိဖြင့် ဖြည့်တင်း ဆောင်ရွက်နေကြရန် လိုအပ်ကြောင်း မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၆၂)နှစ်မြောက် တပ်မတော်နေ့ပြပွဲ

တပ်မတော်စစ်သမိုင်းပြတိုက်

(ရွှေတိဂုံဘုရားလမ်း)

(၂၆-၃-၂၀၀၇ မှ ၄-၄-၂၀၀၇)

(မည်သူမဆို အခမဲ့ ဝင်ရောက်ကြည့်ရှု လေ့လာနိုင်ပါသည်။)

ဓမ္မဝိဟာရကျောင်းတိုက် သင်္ကြန် ငါးရက်တရားစခန်း

သဃ်ာန်းကျွန်းမြို့နယ် (င/က) ရပ်ကွက် ဇာဝေယာလမ်းရှိ ဓမ္မဝိဟာရ ပထမကျော် စာသင်တိုက်နှင့် ဓမ္မရိပ်သာအတွင်း၌ သင်္ကြန်ငါးရက်တရားစခန်းပွဲကို (သင်္ကြန်အကြိုနေ့မှ နှစ်ဆန်းတစ်ရက်နေ့)အထိ ကျင်းပမည်ဖြစ်သည်။ ယင်းတရားစခန်းတွင် ပဓာနနာယက ဆရာတော်မဟာဂန္ဓဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ အရှင်ဂရုဝံသ [ပထမကျော် သာသနဓဇ သိရီပဝရ ဓမ္မာစရိယ၊ ပါဠိပါရဂူ၊ စတုနိကာယဝိဒူ၊ ပိဋကတ္တယပါရဂူ၊ ပိဋကတ်(၁)ပုံဆောင်]က ဝိပဿနာတရားတော်များ ဟောကြားမည်ဖြစ်သည်။ တရားစခန်းဝင်လိုသော ယောဂီများသည် ဖုန်း-၅၆၂၃၃၃သို့ ဆက်သွယ်စာရင်းပေးသွင်း၍ ဧပြီ ၁၂ရက် ညနေ ၄နာရီ အရောက်လာရောက်ရန် နှိုးဆော်ထားသည်။

ကိုယ့်အားကိုယ်ကိုး မီးသတ်ယာဉ် လွှဲပြောင်းပေးအပ်

မကွေးတိုင်း တောင်တွင်းကြီးမြို့နယ် ဆတ်သွားအုပ်စု ဆတ်သွား အရန်မီးသတ်တပ်ဖွဲ့မှ ကိုယ့်အားကိုယ်ကိုး ပြုပြင်တည်ဆောက်ပြီးသော မီးသတ်ယာဉ် တိုယိုတာ အမျိုးအစား စ/၈၂၇၁ ကို မီးသတ်ဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ခြင်းနှင့် မီးသတ်ယာဉ်စွမ်းရည် သရုပ်ပြပွဲ အခမ်းအနားကို မတ် ၁၁ ရက် နံနက်ကကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်ဦးက အဖွင့်အမှာစကားပြောကြားပြီး မီးသတ်ယာဉ် ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းမောင်က ကျေးဇူးတင်စကားပြောကြားကာ မီးသတ်ယာဉ်နှင့်ပတ်သက်သော စာရွက်စာတမ်းများကို မကွေးတိုင်း မီးသတ်ဦးစီးဌာနမှူး ဦးကျော်မြင့်သန်းအား လွှဲပြောင်းပေးအပ်ပြီး ဆတ်သွား အရန်မီးသတ်တပ်ဖွဲ့မှ မီးသတ်ယာဉ် စွမ်းရည်သရုပ်ပြခဲ့ကြသည်။

မြန်မာ့အလင်း ပြည်တွင်းသတင်း အတိုအထွာ

ရခိုင်ရိုးရာသင်္ကြန် ကျင်းပရေး အလှူငွေပေးအပ်

ရခိုင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့(ရန်ကုန်)က ကြီးမှူးကျင်းပမည့် စတုတ္ထအကြိမ်မြောက် ၂၀၀၇ခုနှစ် ရခိုင်ရိုးရာသင်္ကြန်ပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို မတ် ၁၈ ရက်က ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ်ရှိ ရခိုင်ပြည်နယ် ဓမ္မာရုံ၌ကျင်းပရာ ပွဲတော်ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ အဂ္ဂမဟာ သီရိသုဓမ္မမဏိဇောတဓရ ဦးသန်းနိုင်က ထက်လင်းဆေးတိုက်ပိုင်ရှင် ဦးခင်မောင်ထွန်း ပေးအပ်လှူဒါန်းသော ငွေကျပ်ငါးသိန်းကို လက်ခံယူကြောင်း သိရသည်။

လက်ပံခုံကျေးရွာ အမကကျောင်းဆောင်သစ် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်

စစ်ကိုင်းတိုင်း ကသာခရိုင်ဝန်းသိုမြို့နယ် ညောင်ပင်သာကျေးရွာအုပ်စု လက်ပံခုံကျေးရွာ အခြေခံပညာမူလတန်းကျောင်းဆောင်သစ် ပညာရေးဌာနသို့လွှဲပြောင်းပေးအပ်ပွဲကို ဖေဖော်ဝါရီ ၁၈ ရက် နံနက်က ကျောင်းဆောင်သစ်ခန်းမတွင်ကျင်းပရာ ကျောင်းဆောင်သစ်အား မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (ခေတ္တ) ဥက္ကဋ္ဌ ဒုတိယရဲမှူးဝင်းကြည်နှင့် မြို့နယ်ပညာရေးမှူး ဦးသာအောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ကျောင်းဆောင်သစ်နှင့် သက်ဆိုင်သော စာရွက်စာတမ်းများကို ကျောင်းအုပ်ကြီးက မြို့နယ်ပညာရေးမှူးထံ လွှဲပြောင်းပေးအပ်သည်။

မြောင်းမြ ဝိသုဒ္ဓိမဟာမြိုင် ကမ္မဋ္ဌာန်းကျောင်း တရားစခန်း

ဧရာဝတီတိုင်း မြောင်းမြမြို့ ဝိသုဒ္ဓိမဟာမြိုင် ကမ္မဋ္ဌာန်းကျောင်းတွင် ကျေးဇူးတော်ရှင် ဆရာတော်ကြီး ဦးပဏ္ဍိတ၏ ဉပနိဿယအတိုင်း သင်္ကြန်တွင်း တရားစခန်းပွဲကို ဧပြီ ၁၃ ရက်မှ ဧပြီ ၁၇ ရက်အထိ ကျင်းပမည်ဖြစ်ရာ ရဟန်း၊ သာမဏေ၊ သီလရှင် ဝတ်လိုသူများနှင့်တရားစခန်းဝင်လိုသော ယောဂီအပေါင်းတို့သည် မြောင်းမြမြို့ ဝိသုဒ္ဓိမဟာမြိုင် ကမ္မဋ္ဌာန်းကျောင်းသို့ ဧပြီ ၁၂ ရက် အရောက် လာရောက်ကြရန် အသိပေးနှိုးဆော်ထားသည်။

စုပေါင်းဒုလ္လဘရဟန်းခံ၊ ရှင်ပြုနှင့် နွေရာသီသင်္ကြန်တရားစခန်း

မန္တလေးတိုင်း ပြင်ဦးလွင်မြို့ ရွှေစေတီသာသနာ့ရိပ်သာ၏ (၂၃)ကြိမ်မြောက် စုပေါင်း ဒုလ္လဘရဟန်းခံရှင်ပြုပွဲနှင့် နွေရာသီသင်္ကြန် တစ်လတရားစခန်းပွဲအား ၁၃၆၈ခုနှစ် တန်ခူးလပြည့်ကျော်၇ရက် (ဧပြီ ၈ရက်)တနင်္ဂနွေနေ့မှ မေ ၇ရက်အထိ ရွှေစေတီဆရာတော်ကြီး၏ ဉပနိဿယအတိုင်း မဟာသတိပဋ္ဌာန် အလုပ်ပေးတရား ဟောကြားပြသမည်ဖြစ်ရာ သာသနာ့ရိပ်သာသို့ ဒုလ္လဘရဟန်းနှင့် ရှင်သာမဏေ၊ သီလရှင် ဝတ်လိုသူများ၊ တရားစခန်းဝင်ကြမည့် ယောဂီများသည် ပြင်ဦးလွင် ရွှေစေတီသာသနာ့ရိပ်သာကြီးသို့ ဧပြီ ၇ ရက် (စနေနေ့) အရောက် ကြွရောက်ကြပါရန်နှင့် ရပ်ဝေးရပ်နီးမှ ဓမ္မမိတ်ဆွေယောဂီများ စခန်းဝင်လိုပါက ဖုန်း-၀၈၅-၂၁၂၅၄သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

ဝက်သက်ကာကွယ်ဆေးထိုး အသိပညာပေးရှင်းလင်း

အစုလိုက် ဝက်သက်ကာကွယ်ဆေးထိုး အသိပေး ရှင်းလင်းပွဲ အခမ်းအနားကို မတ် ၁၃ ရက် နံနက် ၉ နာရီက ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်မြို့ အထွေထွေရောဂါကုဆေးရုံကြီးအစည်းအဝေးခန်းမ၌ ကျင်းပရာ လွိုင်လင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးအောင်ဌေး တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ ဆေးရုံအုပ်ကြီး ဦးသိမ်းဝေက ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကိုလည်းကောင်း၊ ကလေး အထူးကု ဆရာဝန် ဒေါက်တာ ဒေါ်ဝါဝါဦးက ဝက်သက်ရောဂါအကြောင်း သိကောင်းစရာများကို လည်းကောင်း၊ မြို့နယ်ကျန်းမာရေး အရာရှိ ဒေါက်တာဒေါ်နန်းသိင်္ဂီဖြူက ဝက်သက် ကာကွယ်ဆေး ထိုးနှံခြင်းတွင် စီစဉ်ဆောင်ရွက်ထားမှုများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

စာကြည့်တိုက်ပညာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ရှမ်းပြည်နယ်(တောင်ပိုင်း) ရွာငံမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် စာကြည့်တိုက်ပညာအလုပ်ရုံ ဆွေးနွေးပွဲ ၁/၂၀၀၇ကို ဖေဖော်ဝါရီ၂၅ရက် နံနက် ၁၀နာရီက ရွာငံမြို့နယ် ကျောက်ကူပြင်ကျေးရွာကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်လွင်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်မိုးမိုးထွေးက စာကြည့်တိုက်ပညာအလုပ်ရုံဆွေးနွေးပွဲ လာရောက်ဖွင့်လှစ်ရခြင်းနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ခိုင်မာရေးများကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကျောက်ကူပြင်ကျေးရွာရှိ ခေတ်ရေ့ဆောင်စာကြည့်တိုက်အတွက် ပညာရပ်စာအုပ်များကို စာကြည့်တိုက်အမှုဆောင် ကိုသိန်းဝင်းသို့ ပေးအပ်လှူဒါန်းသည်။

စာကြည့်တိုက်အတွက် စာအုပ်နှင့်အလှူငွေပေးအပ်

မန္တလေးတိုင်း အမရပူရမြို့နယ် ဒေါင်းရွှေကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသစ်ဖွင့်ပွဲနှင့် ပညာတံခွန်စာကြည့်တိုက်အတွက် စာအုပ်နှင့် အလှူငွေများပေးအပ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၅ ရက် နံနက်က အဆိုပါရုံးသစ်ရှေ့ မြက်ခင်းပြင်တွင်ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးအေးသန်းက အမှာစကားပြောကြားပြီး အလှူရှင်ခုနစ်ဦးတို့က စာကြည့်တိုက်အတွက် စုပေါင်းအလှူငွေကျပ် ၄၆၀၀၀ နှင့် စာအုပ်မျိုးစုံပေးအပ်လှူဒါန်းရာ ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးဌေးလှိုင်က လက်ခံရယူသည်။ ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးအေးသန်းနှင့် ဦးစီးမှူး ဒေါ်တင်တင်လှတို့က ရုံးသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။

ကျန်းမာရေး အသိပညာပေး ဟောပြော

စစ်ကိုင်းတိုင်း ကလေးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းအတွင်းရေးမှူး ဦးသိန်းလှိုင် ခေါင်းဆောင်သော ခရိုင်နှင့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များသည် မတ် ၈ရက်က ကလေးအကျဉ်းထောင်မှ အကျဉ်းသား၊ အကျဉ်းသူများနှင့်တွေ့ဆုံပြီး ကျန်းမာရေးအသိပညာပေး ဟောပြောခြင်း၊အားပေးစကားပြောဆိုခြင်း၊မိသားစုနှင့်ဆက်သွယ်ပေးခြင်းများဆောင်ရွက်ပေးပြီး စားစရာ၊ဖတ်စရာစာအုပ်များ တန်ဖိုးငွေကျပ်ခုနစ်သောင်း ဖိုးပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေးအတွက် အလှူတော်ငွေပေးအပ်ပွဲနှင့်ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေးဗဟိုဦးစီးကော်မတီစည်းဝေး

ရန်ကုန် မတ် ၂၀

ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး စတုတ္ထအကြိမ် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေးအတွက် ဒုတိယအကြိမ် အလှူတော်ငွေပေးအပ်ပွဲနှင့် စတုတ္ထအကြိမ် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေး ဗဟိုဦးစီးကော်မတီအစည်းအဝေးကို ယမန်နေ့ညနေ ၃ နာရီတွင် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်ရှိ အဆိုပါစေတီ တော်မြတ်ကြီး၌ ကျင်းပရာ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး စတုတ္ထအကြိမ် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေး ဗဟိုဦးစီးကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း ဗဟို အတွင်းရေးမှူး ပုဇွန်တောင် မြို့နယ် တာဝန်ခံ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းတက်ရောက်၍ အလှူရှင်များ၏အလှူငွေများကို လက်ခံပြီး ထုတိမင်္ဂလာ ဂုဏ်ပြုလွှာများကို ပြန်လည်ပေးအပ်သည်။

ရှေးဦးစွာ ရွှေဘုန်းပွင့်စေတီတော် မြတ်ကြီးစတုတ္ထအကြိမ် ဘက်စုံ ပြုပြင် မွမ်းမံပြင်ဆင်ရေးအတွက် ဒုတိယအကြိမ် အလှူတော်ငွေပေးအပ်ပွဲကို စေတီတော် မြတ်ကြီးရင်ပြင်ရှိ ဓမ္မာရုံသစ်၌ ကျင်းပ ရာ အခမ်းအနားကို ဝန်ကြီးနှင့်ဧည့် ပရိသတ်တို့က နမောတဿ သုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ် ကြသည်။

ရှင်းလင်းပြောကြား

ထို့နောက် စတုတ္ထအကြိမ် ဘက်စုံ ပြုပြင် မွမ်းမံပြင်ဆင်ရေး ဗဟိုဦးစီး ကော်မတီ ဥက္ကဋ္ဌ ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းက သာသနိကအဆောက် အအုံများလှူဒါန်းခြင်း၏ အကျိုးကျေးဇူး များ၊ စတုတ္ထအကြိမ် ဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်ရေးလုပ်ငန်းကြီး(၅)ရပ် ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

(အပေါ်ယာပုံ)

ဂုဏ်ပြုလွှာပေးအပ်

ယင်းနောက် အလှူရှင်များက အလှူ တော်ငွေများကို ပေးအပ်လှူဒါန်းကြရာ နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇမဟာ ရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘဒ္ဒန္တသောဘနက ငွေကျပ် ၆၅၀၀၀၀ တန်ဖိုးရှိ ရွှေစင်ရွှေပြား တစ်ချပ်၊ ခမည်းတော် ဦးထွန်းမြင့်- မယ်တော် ဒေါ်အုန်းရှင်တို့အား ရည်စူး၍ နိုင်ငံတော် ဗဟိုသံဃာ့ ဝန်ဆောင် ရွှေဘုန်းပွင့်ဘုရားဝင်း ရွှေဘုံ သာတိုက် ကျောင်းဆရာတော် အဂ္ဂ မဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝါယမက ငွေကျပ် ၆၅၀၀၀၀ တန်ဖိုးရှိ ရွှေစင်ရွှေပြားတစ်ချပ်၊ ပုဇွန်တောင် မြို့နယ် မြသိန်းတန်ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ကေသရက ရွှေသင်္ကန်း ကပ်လှူရန် အတွက် ငွေကျပ်တစ်သိန်း၊ ဒေါက်တာ ထွေးထွင့်ကြည်-ဒေါက်တာသင်းနွယ် ဝင်း သမီး ဟန်နည်ထွင့်အောင်၊ သားကြီး ကျော်စွာဝင်းထွင့်၊ သားငယ် ကောင်းစံဝင်းထွင့်နှင့် သမီးငယ် ရွှေရင် အေး (နန်းဝင်းပတ္တမြား တိုင်းရင်း ဆေးဝါး ထုတ်လုပ်ရေးမိသားစု)တို့က ငွေကျပ် ၄၅၅၀၀၀၀ တန်ဖိုးရှိ ရွှေစင် ရွှေပြားခုနစ်ချပ်၊ မိဘနှစ်ပါးအား ရည်စူး၍ တာမွေမြို့နယ် ကျိုက္ကဆံလမ်း အမှတ်(၃၃၇)နေ ဒေါ်မာလာဉာဏ်၊ ဒေါ်ညိုညိုတင်၊ ဒေါ်သော်တာဉာဏ်၊ ဦးဝင်းထွန်းဉာဏ်နှင့် မောင်နှမတစ်စု (ကြီးအောင်ချမ်းသာ ပရိဘောဂ)က ဝပ် ၁၀၀၀ အား မီးဆလိုက်ကြီး အတွက် ငွေကျပ် ၁၀ သိန်း၊ ဦးသိန်း မောင်-ဒေါ်ပါးပါး(စန္ဒီပရဆေးမိသားစု) က ငွေကျပ် ၆၅၀၀၀၀၊ လသာမြို့နယ် ၂၃ လမ်းနေ ဦးဝင်း(ခ) ဦးလင် ဘွန်ဖန်-ဒေါ်ကောင်အချွန်နှင့် သား သမီးမြေးတစ်စုတို့က ငွေကျပ်၆၅၀၀၀၀ တန်ဖိုးရှိ ရွှေစင်ရွှေပြား တစ်ချပ်တို့ကို ပေးအပ်လှူဒါန်းကြပြီး စတုတ္ထအကြိမ် ဘက်စုံ ပြုပြင်မွမ်းမံပြင်ဆင်ရေး ဗဟို ဦးစီးကော်မတီဥက္ကဋ္ဌ ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းကလက်ခံကာ ထုတိမင်္ဂလာ ဂုဏ်ပြုလွှာများကို ပြန်လည်ပေးအပ် သည်။

လက်ခံ

ဆက်လက်၍ အလှူရှင်များဖြစ်ကြ သည့် အင်းစိန်မြို့နယ် (၁၀)မိုင် အိမ်ရာ နေ ဒေါက်တာမိုးကျော်-ဒေါက်တာ မို့မို့သန်း သား သန့်ဘုန်းထွင့် မိသားစု၊ မိခင်ကြီး ဒေါ်အေးကျင် အသက်(၈၀) ပြည့် မွေးနေ့ အလှူအတွက် ဧရာမင်း သိန်းဆောက်လုပ်ရေးကုမ္ပဏီ(မန္တလေး)၊ (၂၉)နှစ်မြောက် မွေးနေ့အလှူမင်္ဂလာ အဖြစ် ရုပ်ရှင်သရုပ်ဆောင် လှမျိုး သဥ္ဇာနွယ်၊ မိဘများအား အမွှားထား၍ ဦးဇေယျာညွန့်-ဒေါ်အိသန္တာဘို၊ သား မောင်ဥက္ကာညွန့်မိသားစု၊ ဦးတင်အောင်- ဒေါ်သန်းကြည်(သင့်မြတ်စတိုး)၊ နှစ် ဖက်သောမိဘများအား အမွှားထား၍ ဒုတိယဗိုလ်မှူးကြီးကိုကိုလေးနှင့် ဇနီး ဒေါ်ဝါဝါမင်း၊ သား မောင်အာကာမိုး၊ သမီး မရွှေရည်ဝင်းပွင့်မိသားစု၊ လမ်းမ တော်မြို့နယ်နေ ဦးကျင်မောင်-ဒေါ်စိန် စိန် သားသမီးမြေးတစ်စု၊ နှစ်ဖက်သော မိဘများအား အမွှားထား၍ ပုဇွန်တောင် ဥယျာဉ်အိမ်ရာနေ ဦးဝင်းအောင်- ဒေါ်တင်တင်အိ၊ သမီး မသင်းသင်းလှိုင် မိသားစု၊ ရန်ကုန်မြို့ လှကမ္ဘာပရိဘောဂ တိုက်ပိုင်ရှင် ဦးစောလှိုင်-ဒေါ်ခင်ညို သင်း သမီး ဒေါက်တာခင်ကိုလတ်၊ မရည်မွန်လှိုင်၊ သား ကျော်မင်းဟန် မိသားစု၊ ရွှေဘုန်းပွင့်ဘုရားဈေးတန်းမှ ဈေးသူဈေးသားများနှင့် ဗဟန်းမြို့နယ် နေ ဦးရွှေခဲ-ဒေါ်သန်းမြင့်မိသားစုတို့က ရွှေစင်ရွှေပြားတစ်ချပ်စီအတွက် ငွေကျပ် ၆၅၀၀၀၀ စီတို့ကိုလည်းကောင်း၊ ပုဇွန် တောင်ဥယျာဉ်အိမ်ရာနေ မောင်အောင် မြတ်က (၃၈)နှစ်မြောက် မွေးနေ့အဖြစ် ငွေကျပ်ငါးသိန်း၊ ရွှေပြည်သာမြို့နယ် နေ ဦးမိုး-ဒေါ်စန်းကြည်က ငွေကျပ် ၁၅၀၀၀၀၊ ၄၇ လမ်းနေ ဦးကျော် ကျော်စိုး-ဒေါက်တာချိုချိုထွန်းမိသားစု က ငွေကျပ် ၁၀၁၀၀၀၊ နှစ်ဖက်သော မိဘများအား အမွှားထား၍ တာမွေ မြို့နယ် ကျောက်မြောင်းရပ်ကွက်နေ ဦးအောင်နိုင်-မရီရီမွန် သား မောင်ရဲ လင်းအောင်၊ မိဘနှစ်ပါးအားအမွှား ထား၍ ပုဇွန်တောင်မြို့နယ် ရေကျော် လမ်းမနေ မလပြည့်ဝန်းမိသားစု၊ ကွယ် လွန်သူမိဘနှစ်ပါးနှင့် ဒေါ်ခင်တင့် တို့အား အမွှားထား၍ ဦးအောင်ထွန်း- ဒေါ်အယ်မီအောင်၊ သား နေလင်းထွန်း၊ သမီး စန္ဒီထွန်းမိသားစု၊ သိမ်ကြီးဈေး ဒေါ်ဌေးတင် (ရွှေတောင်ဝေ့)နှင့် ဗိုလ်မှူးကြီးအောင်ကြည်(ငြိမ်း)-ဒေါ်သန်း မေ၊ ဦးမျိုးမင်းနိုင် - ဒေါ်သက်နှင့် သားသမီး၊ တူတူမများ၊ မြေးမြစ် မိသားစု၊ ဦးရွှေဂွန်းလမ်း မြေညီထပ် နေ ဦးတင်ဦး-ဒေါ်လှဲလှဲဝင်းမိသားစု၊ အစ်မ ဒေါ်ခင်ရဲတင့်အား အမွှားထား၍ သဃ်န်းကျွန်းမြို့နယ်နေ ဦးဇော်ဝင်း၊ ဒေါ်ခင်ရဲနွယ်မိသားစု၊ ဦးအောင်မင်း- ဒေါ်အမာကြူ မိသားစု၊ ကွယ်လွန်သူ မိဘနှစ်ပါးနှင့်ဒေါ်မြင့်မြင့်ဝင်း၊ ဒေါ်ညွန့် ဝေတို့အားရည်စူး၍ ဒေါ်ကြင်မြ မိသားစု၊ ကွယ် လွန်သူ ဦးလှသိန်းအား ရည်စူး၍ ဒေါ်မြမြဝင်းမိသားစုတို့က ငွေကျပ် တစ်သိန်းစီတို့ကိုလည်းကောင်း အသီးသီးပေးအပ်လှူဒါန်းကြရာ စတုတ္ထ အကြိမ် ဘက်စုံပြုပြင်မွမ်းမံ တည် ဆောက်ရေး ဗဟိုဦးစီးကော်မတီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်ဂေါပက အဖွဲ့ဥက္ကဋ္ဌ ဦးတင့်လွင်တို့က လက်ခံကြ ပြီး ထုတိမင်္ဂလာဂုဏ်ပြုလွှာများကို ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် ဝန်ကြီးနှင့်ဧည့်ပရိသတ် တို့က ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆိုဆုတောင်းပြီး အလှူငွေ ပေးအပ် ပွဲကို ရုပ်သိမ်းလိုက်သည်။

ယင်းအလှူငွေပေးအပ်ပွဲတွင် အလှူ ရှင် ၆၈ ဦးတို့၏ စုစုပေါင်းလှူဒါန်း ငွေမှာ ကျပ် ၂၅၇၇၄၀၀၀ ဖြစ်သည်။

ဆက်လက်ကျင်းပ

အလှူငွေပေးအပ်ပွဲ အပြီးတွင် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး စတုတ္ထ အကြိမ်ဘက်စုံပြုပြင်မွမ်းမံ ပြင်ဆင်ရေး ဗဟိုဦးစီးကော်မတီ အစည်းအဝေးကို ဓမ္မာရုံသစ်၌ ဆက်လက်ကျင်းပရာ ရှေးဦးစွာ နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အစည်းအဝေးကို ဖွင့်လှစ်သည်။

ထို့နောက် စတုတ္ထအကြိမ်ဘက်စုံ ပြုပြင်မွမ်းမံ ပြင်ဆင်ရေးဆပ်ကော်မတီ အသီးသီးတို့မှ ဥက္ကဋ္ဌများနှင့် တာဝန် ရှိသူတို့က မိမိတို့၏ ကဏ္ဍအလိုက် လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက် ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ရုပ်သိမ်း

ယင်းနောက် စတုတ္ထအကြိမ် ဘက်စုံပြုပြင် မွမ်းမံပြင်ဆင်ရေး ဗဟို ဦးစီးကော်မတီ ဥက္ကဋ္ဌ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ရှင်းလင်း တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ် သည်များကိုညှိနှိုင်းပေါင်းစပ် စီမံဆောင် ရွက်ပေးပြီးဘုရားဖူးလာ ရဟန်းရှင်လူ ပြည်သူများက စေတီတော်မြတ်ကြီး အား ယခုထက်ပိုမိုသဒ္ဓါကြည်လင်၊ ကြည်နူးသပ္ပာယ်စွာ ဖူးမြော်နိုင်ရေး အတွက် ဘက်စုံမွမ်းမံပြင်ဆင်ရေး လုပ်ငန်းများကို သတ်မှတ်ချိန်မီးမကျမီ ပြီးစီးရေးအတွက် ကြိုးပမ်းဆောင်ရွက် ကြရန်၊ လုပ်ငန်းများ ဆောင်ရွက်စဉ် အတွင်း ဘုရားဖူးလာရဟန်းရှင်လူ ပြည် သူများအန္တရာယ်ကင်းရှင်းရေး၊ စေတီ တော်မြတ်ကြီးအား စိတ်ချမ်းမြေ့စွာ ဖူးမြော်နိုင်ကြရေးတို့အတွက် တာဝန် ရှိသူအဆင့်ဆင့်က ကြပ်မတ်ဆောင်ရွက် ကြရန်မူလရှေးဟောင်းမြန်မာ့ယဉ်ကျေးမှု အနုပညာလက်ရာ အမွေအနှစ်များ မပျောက်ပျက်စေဘဲ စံချိန်စံညွှန်းမီစွာ ပြုပြင်မွမ်းမံပြင်ဆင်ကြရန် ဆွေးနွေး မှာကြားပြီး ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အစည်း အဝေးကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုစစ်ဆေး

အစည်းအဝေးအပြီးတွင် ရွှေဘုန်း ပွင့်စေတီတော်မြတ်ကြီး စတုတ္ထအကြိမ် ဘက်စုံပြုပြင်မွမ်းမံ ပြင်ဆင်ရေး ဗဟို ဦးစီးကော်မတီဥက္ကဋ္ဌ ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းသည် ရွှေဘုန်းပွင့်စေတီတော် မြတ်ကြီးအား လက်ယာရစ် တစ်ပတ် လှည့်လည်ဖူးမြော်ကြည်ညို၍ ရင်ပြင် တော်ရှိ ဗုဒ္ဓစက်တော်ရာ တန်ဆောင်း ဘက်စုံ ပြုပြင်မွမ်းမံမှုများအပါအဝင် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေး လုပ်ငန်း များ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များကို မှာကြား သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

ကြက်ငှက်တုပ်ကွေးရောဂါဆိုင်ရာ သတိပေးနှိုးဆော်ချက်

ရန်ကုန် မတ် ၂၀

၁။ မှော်ဘီမြို့နယ် ကြက်ငှက်တုပ်ကွေးရောဂါစစ်ဆေးတွေ့ရှိမှု

(က) **ကြက်ငှက်တုပ်ကွေးရောဂါ**

(၁) ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေးဇုန်(၁) စီးပွားဖြစ် ဥစားကြက်မွေးမြူရေးခြံ တစ်ခြံတွင် ကြက်ကောင်ရေ ၂၂၃၃၇ မွေးမြူထားရှိသည့်အနက် ၁၇-၃-၂၀၀၇ရက်နှင့် ၁၈-၃-၂၀၀၇ရက် နှစ်ရက်အတွင်း ကြက်၁၆၄၅ကောင် သေဆုံးခဲ့ကြောင်း။

(၂) ရန်ကုန်တိုင်း တိရစ္ဆာန်ရောဂါရှာဖွေရေးဓာတ်ခွဲခန်း၏ ပဏာမနှင့်အတည်ပြုစစ်ဆေးချက်အရ ကြက်ငှက် တုပ်ကွေးရောဂါ H5 N1 ဗိုင်းရပ်စ်ပိုးတွေ့ရှိရသဖြင့် Confirmed Case အဖြစ် သတ်မှတ်ပြီး ရောဂါအန္တရာယ် ထိန်းချုပ်ကာကွယ်ရေးအစီအစဉ်အရ လက်ကျန်ကြက် ၂၀၆၉၂ကောင်ကို ရှင်းလင်းသုတ်သင်ခဲ့ကြောင်း။

(ခ) **ရောဂါထိန်းချုပ်မှု**

(၁) **ကန့်သတ်ဇုန်**။ ရောဂါဖြစ်ကြက်ခြံ ပတ်ဝန်းကျင်(၁)ကီလိုမီတာအတွင်း သံသယဖြစ်ဖွယ်ကြက်၊ဘဲ၊ငုံးခြံများ နှင့် ရောဂါကျရောက်ကူးစက်နိုင်သည့် တိုင်းရင်းကြက်၊ ဘဲများ စောင့်ကြပ်ကြည့်ရှုစစ်ဆေးသုတ်သင်ဖျက်ဆီးခြင်း။

(၂) **ထိန်းချုပ်ဇုန်**။ ကန့်သတ်ဇုန်၏ပြင်ပ(၆)ကီလိုမီတာအဝန်းအဝိုင်းအတွင်း ကြက်၊ဘဲ၊ငုံးနှင့်၎င်းတိရစ္ဆာန်ထွက် ပစ္စည်းများရွှေ့ပြောင်းသယ်ယူပို့ဆောင်မှုနှင့် ကြက်၊ဘဲ၊ငုံး၎င်းတိရစ္ဆာန်ထွက်ပစ္စည်းများရောင်းချမှုကိုကန့်သတ်ခြင်း။

၂။ ရန်ကုန်တိုင်းအတွင်း ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှုနှင့် ပျံ့နှံ့မှုများအပေါ် ခြုံငုံသုံးသပ်ချက်

(က) **ရောဂါဖြစ်ပွားမှု**။ အောက်ပါအတိုင်းဖြစ်ပွားခဲ့ပါကြောင်း-

နေ့စွဲ	မြို့နယ်	မွေးမြူရေးခြံ	မှတ်ချက်
၂၈-၂-၂၀၀၇	မရမ်းကုန်း	ဥစားကြက်၊ဘဲခြံ(၁)ခြံ	H5 N1
၂-၃-၂၀၀၇	လှိုင်သာယာ	ဥစားကြက်ခြံ(၁)ခြံ	H5 N1
၁၃-၃-၂၀၀၇	မြောက်ဥက္ကလာပ	ရစ်ခြံ(၁)ခြံ	H5 N1
၁၃-၃-၂၀၀၇	မင်္ဂလာဒုံ	ငုံးခြံ(၁)ခြံ	သံသယ H5 N1 အတည်ပြုစစ်ဆေးဆဲ
၁၈-၃-၂၀၀၇	မှော်ဘီ	ဥစားကြက်ခြံ(၁)ခြံ	H5 N1

(ခ) **မွေးမြူရေးကြက်/ဘဲ/ရစ်/ငုံး သေဆုံးဖျက်ဆီးမှု**

အကြောင်းအရာ	သေဆုံးကောင်ရေ		ဖျက်ဆီးကောင်ရေ		သေဆုံး/ဖျက်ဆီးကောင်ရေ	
ရောဂါဖြစ်မွေးမြူရေး ခြံ(၅)ခြံ	ကြက်	၁၇၂၇	ကြက်	၂၂၂၃၇	ကြက်	၂၃၉၆၄
	ရစ်	၆၆	ရစ်	၅၄	ရစ်	၁၂၀
	ငုံး	၆၀	ဘဲ	၄၆၃	ဘဲ	၄၆၃
			ငုံး	၂၂၄၀	ငုံး	၂၃၀၀
ရောဂါအန္တရာယ်ကူးစက် ပျံ့နှံ့မှုကြိုတင်ကာကွယ် ရေးအစီအစဉ်အရ (၂)ခြံ	ကြက်	၅	ကြက်	၁၂၅၄	ကြက်	၁၂၅၉
	ဘဲ	၅	ဘဲ	၂၈	ဘဲ	၃၃
			ငုံး	၁၁၆၀၇	ငုံး	၁၁၆၀၇
စုစုပေါင်း		**၁၈၆၃**		**၃၇၈၈၃**		**၃၉၇၄၆**

(ဂ) **ခြံအလိုက်ရောဂါကျရောက်မှု**

(၁) **မှော်ဘီမြို့နယ်၊ ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေးဇုန် ဥစားကြက်မွေးမြူရေးခြံ။** ဇီဝလုံခြုံရေးအစီအမံ ဆောင်ရွက်ထားသည့်ခြံဖြစ်ကြောင်း စိစစ်တွေ့ရှိရသော်လည်း ကြက်ခြံနှင့်ဈေးများအကြား လည်ပတ်နေသည့် ကြက်ဥဗန်းများ၊ အစာသယ်သည့်အိတ်များနှင့် အခြားငှက်သတ္တဝါများ၊ ကြွက်များ၊ မွေးမြူရေးခြံ လူအဝင်အထွက် များမှတစ်ဆင့် ကူးစက်နိုင်ကြောင်း။

(၂) **ရောဂါကျရောက်ခဲ့သည့်အခြားခြံ(၄)ခြံ။** မရမ်းကုန်း၊လှိုင်သာယာ၊မြောက်ဥက္ကလာ၊မင်္ဂလာဒုံမြို့နယ်၊ ကြက်၊ ဘဲ၊ရစ်၊ငုံးခြံများ ရောဂါကျရောက်မှု၊ စူးစမ်းလေ့လာမှုအရ ဇီဝလုံခြုံမှုနိမ့်ကျခြင်း၊ ဝက်၊ဘဲ၊တိုင်းရင်းကြက်များ အဝန်းအဝိုင်းတစ်ခုတည်းတွင် မွေးမြူထားရှိခြင်း၊ လူအဝင်အထွက်အတားအဆီးမရှိခြင်း၊ ကြက်၊ဘဲဈေးများသို့ အသွားအလာရှိခြင်းတို့ကြောင့် ရောဂါဝင်ရောက်ရန် အခွင့်အလမ်းများပြားကြောင်း။

(ဃ) **ရောဂါဖြစ်ပွားမှုအရင်းအမြစ်**

(၁) **ငုံးများသေဆုံးခဲ့မှုသတင်း။** ၂၀၀၇ခု ဖေဖော်ဝါရီလ ဒုတိယပတ် တောင်ဥက္ကလာပမြို့နယ်အတွင်း ငုံးသားဖောက် လုပ်ငန်းနှင့် ငုံးမွေးမြူရေးခြံတွင် ငုံးကောင်ရေ အများအပြား သေဆုံးမှုရှိခဲ့ကြောင်း၊ နောက်ကြောင်းပြန်စူးစမ်း လေ့လာမှုအရ သိရှိရကြောင်း။

(၂) **ရောဂါဖြစ်ပွားမှုအရင်းအမြစ်နှင့်ရောဂါပျံ့နှံ့မှု**

- ရောဂါအန္တရာယ်ကြိုတင်တားဆီးကာကွယ်ရေး အစီအစဉ်အရ အဆိုပါပုဂ္ဂလိက ငုံးခြံများသည် ထိန်းချုပ် ဇုန်၏ ဇီဝလုံခြုံရေးစည်းကမ်းအရ ရွှေ့ပြောင်းသယ်ယူမှုကန့်သတ်ထားခြင်း၊ နေ့စဉ်တိရစ္ဆာန် ရောဂါလက္ခဏာ များနှင့် သေဆုံးမှုများစစ်ဆေးတွေ့ရှိခြင်း၊ ကြက်ငှက်တုပ်ကွေးရောဂါသံသယဖြစ်ဖွယ်တွေ့ရှိခြင်း မွေးမြူသူ၏ ဆန္ဒအရ ၁၆-၃-၂၀၀၇ရက်တွင် ကြက်ငှက်တုပ်ကွေးရောဂါထိန်းချုပ်ရေးကော်မတီ၏ကြီးကြပ်မှုဖြင့် သုတ်သင် ဖျက်ဆီးခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း၊
- နောက်ကြောင်းပြန်စူးစမ်းလေ့လာမှုအရ ငုံးသားအစို၊ အခြောက်များ ရန်ကုန်ဈေးများအတွင်း ဖြန့်ဖြူးရောင်းချ မှုဖြင့် ရောဂါကျရောက်ခဲ့သည့် ကြက်၊ ငုံး၊ ရစ်၊ ဘဲခြံများ ဆက်စပ်မှုရှိနိုင်သည်ဟု သုံးသပ်ရရှိပါကြောင်း။

(၃) **တိရစ္ဆာန်ကျန်းမာရေးသတိရှိရေး**

(က) ရန်ကုန်တိုင်းအတွင်း ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှုနှင့်ပတ်သက်၍ ဖြစ်ပွားမှုလမ်းကြောင်း အရင်းအမြစ် အတည်မပြုနိုင်သေးကြောင်း(Inconclusive)။

(ခ) ရောဂါထိန်းချုပ်ရေးအစီအစဉ်ဖြင့် ကန့်သတ်ဇုန်၊ ထိန်းချုပ်ဇုန်များဖြင့် စနစ်တကျကာကွယ်တားဆီး ဆောင်ရွက်ခဲ့ သော်လည်း ရောဂါပျံ့နှံ့မှုအနေအထားအရ ရောဂါထိန်းချုပ်ဇုန်များအား ခုန်ကျော်၍ ကျရောက်ဖြစ်ပွားနိုင်သဖြင့် ရောဂါကျရောက်မှုမရှိရေး၊ တိရစ္ဆာန်ကျန်းမာရေးသတိဖြင့် ဇီဝလုံခြုံမှုတိုးမြှင့်ရေး ပူးပေါင်းဆောင်ရွက်ကြရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပြန်ကြားရေးဝန်ကြီးဌာန
မြန်မာ့အသံနှင့် ရုပ်မြင်သံကြား
ပြည်လမ်း၊ ရန်ကုန်မြို့
အသိပေးကြေညာချက်

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ခေါ်ယူထားသော ရုပ်သံကျွမ်းကျင်(၂) [သတင်းကြေညာသူ] ရာထူးအတွက် ပဏာမစစ်ဆေးချက်ကို အောက်ဖော်ပြပါ ခုံအမှတ်များသည် အောင်မြင်သဖြင့် အရုပ်အသံစစ်ဆေးခြင်း ဆက်လက်ဆောင်ရွက်ရန်ရှိရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ ၂၂-၃-၂၀၀၇ရက် (ကြာသပတေးနေ့) နံနက် ၀၉း၀၀ နာရီအရောက် မပျက်မကွက် လာရောက်သတင်းပို့ရန် အသိပေးကြေညာပါသည်။

ခုံအမှတ်များ

၂၊ ၁၀၊ ၁၂၊ ၁၄၊ ၂၅၊ ၃၃၊ ၄၈၊ ၄၉၊ ၅၀၊ ၅၅၊ ၅၇၊ ၅၈၊ ၆၈၊ ၇၂၊ ၉၉၊ ၁၀၄၊ ၁၀၉၊ ၁၁၇၊ ၁၂၀၊ ၁၃၂၊ ၁၄၅၊ ၁၅၁၊ ၁၅၈၊ ၁၅၉၊ ၁၆၄၊ ၁၈၄၊ ၁၈၉၊ ၁၉၄၊ ၂၀၄၊ ၂၃၈၊ ၂၉၉၊ ၃၅၃၊ ၃၅၅၊ ၃၆၈၊ ၃၉၆၊ ၄၃၈၊ ၄၇၃၊ ၄၇၇၊ ၄၈၀၊ ၄၈၁၊ ၅၁၅၊ ၅၁၇၊ ၅၃၅၊ ၅၃၈၊ ၅၄၆၊ ၅၅၀၊ ၅၆၀၊ ၅၇၂၊ ၅၇၅၊ ၅၉၃၊ ၆၀၈၊ ၆၁၂၊ ၆၂၁၊ ၆၂၂၊ ၆၄၈၊ ၆၆၃၊ ၆၇၆၊ ၆၈၉၊ ၇၃၆၊ ၇၆၂၊ ၇၆၄၊ ၇၉၃၊ ၈၁၀၊ ၈၁၇၊ ၈၅၇၊ ၉၀၈၊ ၉၃၀၊ ၉၅၃၊ ၉၈၆။

သာခုကန် ခုနစ်ရက် ဒုလ္လဘစခန်း

ရန်ကုန်တိုင်း၊ ရွှေပြည်သာမြို့နယ်၊ သာခုကန်ကျေးရွာ၊ သာခုကန်ပရိယတ္တိစာသင်တိုက်တွင် ကျောက်ဆင်တောရ ပခုက္ကူဆရာတော်ကြီးကို ဉပဇ္ဈာယ်ပြု၍ ၁၀-၄-၂၀၀၇ရက် (အင်္ဂါနေ့)မှ ၁၇-၄-၂၀၀၇ရက် (နှစ်ဆန်းတစ်ရက်နေ့)အထိ ခုနစ်ရက်၊ ဒုလ္လဘရဟန်းဝတ်ကြပါမည်။ နေ့စဉ်အနည်းဆုံး ငါးမိုင်ခရီးကို ခြေကျင်လျှောက်၍ ဆွမ်းခံကြွနိုင်သူ၊ ဝိနည်းတော်များကို လိုက်နာနိုင်သူ၊ ကမ္မဋ္ဌာန်းတရားကို အချိန်ပြည့်အားထုတ်ရန် သန္နိဋ္ဌာန်ချထားသူ၊ ကျန်းမာရေးနှင့်ပြည့်စုံပြီး ဒုလ္လဘဝတ်နေစဉ် ကွမ်း၊ ဆေးလိပ်၊ အရက်တို့ကို လုံးဝဖြတ်ထားနိုင်သူများကို ဖိတ်ခေါ်ပါသည်။ လိုက်နာနိုင်သူများသည် ဦးကျော်ထွန်း ဖုန်း-၆၄၄၄၀၉၊ ဦးမြင့်ကြွယ် ဖုန်း-၀၉-၅၁၀၉၆၁၁၅၊ ဦးစိုးမြင့် (အိမ်) ဖုန်း-၆၄၄၇၄၅၊ ဦးအုန်းလွင်(အိမ်) ဖုန်း-၅၀၂၅၅၆၊ ဦးမြင့်လွင်(MWJA ရုံး) ဖုန်း-၂၅၂၄၁၇၊ ဦးမျိုးဝင်း ဖုန်း-၀၉-၅၁၈၂၄၃၇၊ (အိမ်)ဖုန်း-၆၄၂၅၄၃၊ ၆၄၂၈၅၁-လိုင်းခွဲ ၁၃၈တို့သို့ ဆက်သွယ်ပြီး သာခုကန်ပရိယတ္တိ စာသင်တိုက်သို့ ဧပြီ ၁၀ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီအရောက် လာရောက်ကြပါ။ ၂၀၀၆ခုနှစ်က ဤစခန်းတွင် ဒုလ္လဘဝတ်ဖူးသူများ မှတ်ပုံတင်မူရင်း၊ မိတ္တူနှင့် ရဟန်းရက်ချုပ်ယူလာကြပါ။ မဝတ်ဖူးသေးသူများ မှတ်ပုံတင်မူရင်းနှင့် မိတ္တူ အပြင် လိုင်စင်ဓာတ်ပုံနှစ်ပုံတို့ကို မပျက်မကွက်ယူဆောင်လာကြရန်ဖြစ်သည်။

သာခုကန်ဒုလ္လဘစခန်းဖြစ်မြောက်ရေးအဖွဲ့(ယာယီ)။





မွေးနေ့မင်္ဂလာဆုတောင်း

ဦးသန်းမြင့် (MD Tosta Group Ltd. & MD High Rise Construction Group Ltd.)၏ ၂၁-၃-၂၀၀၇ရက်(ဗုဒ္ဓဟူးနေ့)တွင် ကျရောက်သော မင်္ဂလာရှိသော မွေးနေ့တွင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံ၍ နှစ်(၁၀၀)တိုင် ချစ်သောမိသားစုနှင့်အတူ ပျော်ရွှင်စွာဆင်နွှဲနိုင်ပါစေရန် ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

ဇနီး – **ဒေါ်မြင့်**
သမီးများ – **တင်တင်သန်း-ခင်မောင်တင်၊**
အေးအေးသန်း-Capt.စံသိန်း၊
မြင့်မြင့်သန်း
မြေးများ – **မြတ်သက်ခိုင်(ခ)Kaveetha**
ကောင်းဇော်ဟန်(ခ)Prabhu Nandan
သက်နေဟိန်း(ခ)Govinda Krishana
သန့်နေဟိန်း(ခ)Gopala Krishana

INVITATION TO TENDER

(Tender No.21(T)MPE/UREA(1)/2006-2007)

1. Sealed tenders are invited by the Myanma Petrochemical Enterprise, Nay Pyi Taw, Myanmar, for the Supply of Urea Fertilizer with the terms and condition as follows:
   - (a) Urea Fertilizer - (100,000)Metric Tons Nitrogen 46.0 wt % min Biuret 0.5 wt % max Moisture 0.5 wt % max Prill Size 89.0 % min (-5+16 Tyler mesh)
   - (b) Price shall be quoted in US Dollars - CIF Yangon Basis
   - (c) Payment - L/C at sight
   - (d) Tender Closing Date - 30-3-2007 (12:00)hr.
   - (e) Tender Opening Date - 30-3-2007 (13:00)hr.
   - (f) Delivery - Within May to 1st: week june 2007
   - (g) Packing - 50 Kg. weight/bag net must be packed in strong durable. Woven polypropylene bags with inner liner polyethylene bags of 0.1 - 0.2 mm thickness.
2. Tender Documents and Detail information are available at the Department of Finance, Myanma Petrochemical Enterprise, Nay Pyi Taw, during office hours commencing (22-3-2007) on Payment of the One Hundred(100) FEC Per set.
3. Only bid from tenderer who has purchased tender document officially from Myanma Petrochemical Enterprise will be accepted for evaluation.

Managing Director
Myanma Petrochemical Enterprise

ဓမ္မမိတ်ဆွေအပေါင်းသူတော်ကောင်းတို့

မန္တလေးမြို့၊ လမ်း ၈၀၊ တရုတ်တန်းနေ ဦးဟန်မြိုင်-သီဟသုဓမ္မသီဂီ ဒေါ်မေသက်မော်(မော်မော်စန်းထိုးမုန့်)တို့မှ ခင်မင်လေးစားစွာ ဖိတ်ကြားအပ်ပါသည်။ ကျွန်တော်၊ ကျွန်မတို့မှာ သံသရာလောကထဲမှလွတ်လင်း၍ နိဗ္ဗာန်အကြိုမျှော်ကိုးပြီး စစ်ကိုင်းတောင်ရိုး၊ ဂေါသီတာချောင်၌ ဆောက်လုပ်လှူဒါန်းထားသော ဓမ္မစွမ်းရည် မဟာစည်သာသနာ့ရိပ်သာကြီးကို ၁၉၈၉ခုနှစ်မှစ၍ ဆောက်လုပ်လှူဒါန်းပြီး တရားစခန်းဖွင့်လှစ်သည်မှာတစ်ရက်မှမပျက်ခဲ့ပါ၊ သို့သော် တစ်လ စခန်းသို့အချိန်မရ၍ မထိုင်နိုင်သူများအား အထူးမေတ္တာထား၍ သင်္ကြန်တရားစခန်းသို့ ၁၀ရက်တိတိ ယောဂီ ၃၅၀အထိ လက်ခံခဲ့ပါသည်။ ယခုနှစ်လည်း လာရောက်တရားအားထုတ်လိုသော ရဟန်း၊ သီလရှင်၊ အမျိုးသား၊ အမျိုးသမီးယောဂီများသည် တရားစခန်းကို ၈-၄-၂၀၀၇ရက် တန်ခူးလပြည့်ကျော် (၇)ရက်တွင်ဖွင့်လှစ်၍ ၁၇-၄-၂၀၀၇ရက် (နှစ်ဆန်းတစ်ရက်နေ့) ကဆုန်လဆန်း (၂)ရက်တွင် တရားစခန်းသိမ်းပါမည်။ လာရောက်အားထုတ်လိုသူများသည် ၉-၄-၂၀၀၇ရက်အရောက် လာကြပါရန် ဖိတ်ကြားအပ်ပါသည်။

ဓမ္မစွမ်းရည်၊ ကိုယ်၌တည်
ချမ်းသာကိုယ်စိတ်မြဲပါစေ

ဆက်သွယ်ရန်-
ဘဒ္ဒန္တသိရိန္ဒ ဓမ္မစွမ်းရည်မဟာစည်ရိပ်သာ၊ စစ်ကိုင်း ဖုန်း-၀၇၂-၂၁၆၆၀၊ ဦးဟန်မြိုင်၊ သီဟသုဓမ္မသီဂီ ဒေါ်မေသက်မော်(မော်မော်စန်းထိုးမုန့်)၊ ဖုန်း-၀၉-၂၀-၀၂၅၉၅-၆၁၈၆၁၊ မန္တလေး။

နှစ်ဦးသဘောတူ လက်ထပ်ပြီးစီးခြင်း

ကျွန်တော် **မောင်ဝင်းခန့်** ၁၂/အစန(နိုင်)၁၄၉၄၂၀နှင့် ကျွန်မ **မဝေဝေမြင့်** ၉/ရမသ(နိုင်) ၁၂၄၇၁၅တို့သည် ၁၆-၃-၂၀၀၇ရက်တွင် နှစ်ဦးသဘောတူ လက်ထပ်ပြီးစီးပါကြောင်း။

မောင်ဝင်းခန့်-မဝေဝေမြင့်။



ကျုံမဝေးအသင်း(ရန်ကုန်)
နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် မတ် ၂၀

ကျုံမဝေးအသင်း(ရန်ကုန်)၏ နှစ်ပတ်လည် အစည်းအဝေးကို မတ်၂၅ရက် (တနင်္ဂနွေနေ့) နံနက်၈နာရီတွင် အမှတ်၅၇ လှည်းတန်းလမ်း လမ်းမတော်မြို့နယ်ရှိ ကျုံမဝေးအသင်းတိုက်၌ ကျင်းပမည်ဖြစ်၍ အသင်းသားအားလုံး တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သိရသည်။ **(က-ပ)**

အမြန်ဆက်သွယ်ပါ

ယာဉ်အမှတ် ကက/၇၁၃၁ ယာဉ်လက်ဝယ်ရှိသူသည် မူလပိုင်ရှင်ဖြစ်သူ ဒေါ်ဆန်းကြည် BLN – ၀၇၂၂၅၁ ထံသို့ အမြန်ဆက်သွယ်ပါရန်။

ဒေါ်ဆန်းကြည် ဖုန်း-၅၆၄၁၁၆။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မျိုးမင်း၏ နိုင်ငံကူးလက်မှတ် အမှတ်-၃၇၆၈၄၈ သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။

ဖုန်း-၅၅၉၀၉၈။

မန္တလေးမြို့၌ မီးလောင်

ရန်ကုန် မတ် ၂၀

မန္တလေးမြို့ မဟာအောင်မြေမြို့နယ် သံလျက်မော် အရှေ့ရပ်ကွက် အောင်မေတ္တာလမ်းနှင့် အောင်သစ္စာလမ်းကြား၌ မတ် ၁၈ရက်တွင် မီးလောင်မှုဖြစ်ပွားရာ အိမ်ငါးလုံး မီးလောင်ဆုံးရှုံးခဲ့ပြီး လူ၂၈ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ကြောင်း၊ အောင်မြေသာစံမြို့နယ် ပြည်ကြီးရန်လုံရပ်ကွက် ၁၂လမ်း၊ ၈၇ x ၈၈လမ်းကြား၌ မတ် ၁၈ ရက်တွင် မီးလောင်မှုဖြစ်ပွားခဲ့ရာ နေအိမ်နှစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မီးသတိပြု

သီပေါမြို့နယ် ဘော်ကြိုကျေးရွာရှိ ရှေးဟောင်းသမိုင်းဝင် ဘော်ကြို မုဋ္ဌောစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၅ ရက်က ဘုရားကြီးအဝင်ဝမုခ်ဦး၌ ကျင်းပရာ ရှမ်းပြည်နယ် (မြောက်ပိုင်း)အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် အောင်သန်းထွဋ်နှင့် ဘော်ကြိုဘုရားဂေါပကအဖွဲ့ နာယကဦးကျော်သိန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

မြဝတီမြို့ အမှတ်(၂)ရပ်ကွက်တွင် ကိုယ့်အားကိုယ်ကိုးလမ်းသစ်များဖွင့်

မြဝတီ မတ် ၆

မြဝတီမြို့ အမှတ်(၂)ရပ်ကွက်တွင် ကိုယ့်အားကိုယ်ကိုး ပတ္တမြားလမ်း၊ နီလာလမ်း၊ ဥဿဖရားလမ်းသစ်များဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၈ရက်က အဆိုပါလမ်းမုခ်ဦး၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူး၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြဝတီခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေညွန့်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြဝတီမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (ခေတ္တ)ဥက္ကဋ္ဌ ဦးမင်းလွင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ တက်ရောက်ကြသည်။

လမ်းသစ်များဖွင့်

ထို့နောက် အမှတ်(၂)ရပ်ကွက် ပတ္တမြားလမ်း၊ နီလာလမ်း၊ ဥဿဖရားလမ်းသစ်ဖွင့်ပွဲကို ကျင်းပရာ မြဝတီခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေညွန့်၊ ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင်နှင့် အမှတ်(၂)ရပ်ကွက် ဥက္ကဋ္ဌ ဦးအောင်ထွေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

(အောက်ပုံ) (မြို့နယ်စည်ပင်)

ဇီးဖြူကျွန်း-သဇင်ရေကျော် ကျေးလက်လမ်း ကျောက်ချောခင်းလုပ်ငန်း ဆောင်ရွက်

ညောင်တုန်း မတ် ၆

ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးစိုးတင့်၊ ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးနေဦးတို့သည် ညောင်တုန်းမြို့နယ် စည်ပင်သာယာရေး အဖွဲ့က ဆောင်ရွက်လျက်ရှိသော ဇီးဖြူကျွန်း-သဇင်ရေကျော် ကျေးလက် ကျောက်ချောလမ်းခင်း လုပ်ငန်းဆောင်ရွက်နေမှုကို ဖေဖော်ဝါရီ ၂၅ ရက်က ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြား ရေးမှူး ဦးမြင့်မောင်၊ တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ကျော်ဦးတို့က လုပ်ငန်း ဆောင်ရွက်မှုနှင့်ပတ်သက်၍ ရှင်းလင်းပြသကြကြောင်း သိရသည်။ **(အောက်ပုံ) (ဝ၉၈)**

အမြို့မြို့ အနယ်နယ် သတင်းများ

ရေဦးမြို့နယ် တင်းတိမ်ရုံကျေးရွာတွင် စကားဝိုင်းဆွေးနွေး ကျန်းမာရေးဆိုင်ရာ သိကောင်းစရာများ ပညာပေးဟောပြော

ရေဦး မတ် ၉

စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြမြင့်သူနှင့်အဖွဲ့ဝင်များ၊ တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဒေါက်တာဇာခြည်ဝင်းနှင့်အဖွဲ့သည် ရွှေဘိုခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရေဦး၊ ဒီပဲယင်း၊ တန့်ဆည်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များနှင့်အတူ ဖေဖော်ဝါရီ ၂၆ရက် နံနက် ၉နာရီက ရေဦးမြို့နယ် တင်းတိမ်ရုံစံပြကျေးရွာ ထန်းတောဗောဓိ ရွာဦးဇရပ်ကွင်းပြင်၌ ကျင်းပသည်။

ရှေးဦးစွာ စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြမြင့်သူက အဖွင့်အမှာစကားပြောကြားပြီး ရွှေဘိုခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်တင်တင်ဦးက မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်းစရာများ ရှင်းလင်းဆွေးနွေးသည်။

ပညာပေးဟောပြော

ဆက်လက်၍ စစ်ကိုင်းတိုင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲအုပ်ရီရီသန့်က လူမှောင်ခိုနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအကြောင်း သိကောင်းစရာများကို လည်းကောင်း၊ ရေဦးမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များဖြစ်ကြသော မြို့နယ်တရားသူကြီး ဒေါ်ခင်စိမ်းဝင်းက အမျိုးသမီးများ ရပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများ အကြောင်းကိုလည်းကောင်း၊ လက်ထောက်ဆရာဝန် ဒေါက်တာ ခင်စန္ဒာအောင်က အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ် ရောဂါနှင့် တီဘီရောဂါအကြောင်း သိကောင်းစရာများကိုလည်းကောင်း ပညာပေးဟောပြောကြပြီး တက်ရောက်လာကြသည့် အမျိုးသမီးများနှင့် စကားဝိုင်း ဆွေးနွေးပွဲများကို ဆောင်ရွက်ကြသည်။

အလှူငွေများပေးအပ်လှူဒါန်း

ထို့နောက် တင်းတိမ်ရုံ စံပြကျေးရွာ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းတို့၏ လုပ်ငန်းများဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရန်အတွက် ကျေးရွာ အတွင်းရှိ အလှူရှင်ကိုးဦးက အမျိုးသမီးရေးရာအဖွဲ့ ဝတ်စုံ ၂၅စုံနှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဝတ်စုံ ၂၅စုံနှင့် အလှူငွေစုစုပေါင်းတန်ဖိုး ငွေကျပ် ၃၆၀၀၀၀ လှူဒါန်းခဲ့ရာ တိုင်းအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြမြင့်သူက လက်ခံရယူသည်။

(အမျိုးသမီးရေးရာ)

ယင်းတော်ကျေးရွာအုပ်စု မီးဘေးဒုက္ခသည်များအတွက် ကယ်ဆယ်ရေး ပစ္စည်းများထောက်ပံ့ပေးအပ်

ပျော်ဘွယ် မတ် ၁၂

ပျော်ဘွယ်မြို့နယ် ယင်းတော်ကျေးရွာအုပ်စု မီးဘေးဒုက္ခသည်များအား ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်ပွဲ အခမ်းအနားကို မတ် ၆ရက် ညနေ ၄ နာရီက ယင်းတော် ရဲတပ်ဖွဲ့စခန်းရုံး၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးတင်မောင်မောင်၊ အမျိုးသား ညီလာခံကိုယ်စားလှယ် ဦးတင်လှိုင်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသိန်းဝင်းနှင့်အဖွဲ့ဝင်များ၊ မီးဘေးဒုက္ခသည်များ တက်ရောက်ကြသည်။

အမှာစကား

အခမ်းအနားတွင် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးတင်မောင်မောင်၊ အမျိုးသား ညီလာခံကိုယ်စားလှယ် ဦးတင်လှိုင်၊ မြို့နယ်အသင်း အတွင်းရေးမှူး ဦးသိန်းဝင်းတို့က အမှာစကားများ ပြောကြားကြသည်။

ထို့နောက် မီးဘေးသင့်ဒုက္ခသည်များအား ဆန်နှင့်အသုံးအဆောင်ပစ္စည်းများကိုထောက်ပံ့ပေးအပ်ကြသည်။

(၂၅၀)

မတ် ၆ ရက်က ထားဝယ်ခရိုင် လောင်းလုံမြို့နယ် ကျောက်နီမော် ကျေးရွာတွင် ခရိုင်အတွင်းရေးမှူး ဦးမျိုးညွန့်နှင့် ခရိုင်ငါးလုပ်ငန်းဦးစီးမှူး ဦးဝင်းကြိုင်တို့ဦးစီး၍ လူမှုရေးအသင်းအဖွဲ့များ၊ ရေလုပ်ငန်းရှင်များ စုပေါင်း၍ ရေချိုပုစွန် သားပေါက်ကောင်ရေ ၂ ဒသမ ၁၀၆သန်းကို သင်ပုန်းကျွန်း ဒီရေတောသို့ မျိုးစိုက်ထည့်ပေးစဉ်။ (ခရိုင်ငါးလုပ်ငန်း)

ချောင်းဆုံမြို့နယ် ထွေ/အုပ် ဝန်ထမ်းများ ဝတ်စုံပေးအပ်

ချောင်းဆုံ မတ် ၁၂

ချောင်းဆုံမြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၏ ဝန်ထမ်းများ တူညီဝတ်စုံ ပေးအပ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၈ ရက်က ချောင်းဆုံမြို့နယ် အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးခင်မောင်မြင့်က အမှာစကား ပြောကြားပြီး အမျိုးသားဝန်ထမ်း ၂၂ ဦးနှင့် အမျိုးသမီးဝန်ထမ်း ၄၁ဦးတို့အား မြို့နယ် အုပ်ချုပ်ရေးမှူးနှင့် ဒုတိယဦးစီးမှူး ဦးကျော်မြင့်တို့က ဝတ်စုံများပေးအပ်ခဲ့ကြောင်းသိရသည်။ (အပေါ်ပုံ)

(မြို့နယ် ထွေ/အုပ်)

ကျပန်းစကားပြောပြိုင်ပွဲ မိုင်းဖြတ်၌ ကျင်းပ

မိုင်းဖြတ် မတ် ၅

မိုင်းဖြတ်ခရိုင်နှင့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး ကျင်းပသည့် (၆၂)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ကျပန်း စကားပြောပြိုင်ပွဲကိုဖေဖော်ဝါရီ၂၃ရက် နံနက် ၉နာရီက အသင်းရုံး ခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မိုင်းဖြတ်ခရိုင်ဥက္ကဋ္ဌ ဦးသိန်းမြင့်က အဖွင့်အမှာစကား ပြောကြားပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းခရိုင်အတွင်းရေးမှူး ဦးထွန်းရွှေက ပြိုင်ပွဲ ကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်း တင်ပြသည်။ ဆက်လက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ကျောင်းသားကျောင်းသူများက ပါဝင်ယှဉ်ပြိုင်ကြသည်။

ထို့နောက် ပြိုင်ပွဲတွင် ပထမဆုကို စိုင်းကျော်မင်းထွန်း၊ ဒုတိယဆုကို ပိုးအိ၊ တတိယဆုကို မောင်လှထွန်းတို့ ရရှိခဲ့ကြသည်။ (ခရိုင် ပြန်/ဆက်)

စက်ယန္တရားများဖြင့် ရွှေတံချောင်းမြောင်းအတွင်း အမှိုက်နှင့်နုန်းများ ဆယ်ယူရှင်းလင်း တောင်သမန်ကန်ပတ်လမ်းတစ်လျှောက် လမ်းအကျယ်တိုးချဲ့ ကတ္တရာခင်း

မန္တလေး မတ် ၁၆

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်သည် အတွင်းရေးမှူး ဦးမောင်ပု၊ ကော်မတီဝင် ဦးမြင့်သိန်း၊ ဦးကျော်ဝင်းနှင့် ဌာနမှူးများလိုက်ပါလျက် မတ် ၁၀ရက် နံနက် ၈နာရီခွဲက ချမ်းအေးသာစံမြို့နယ်အတွင်းရှိ ရွှေတံချောင်းမြောင်းတစ်လျှောက် ရေစီးရေလာကောင်းမွန်ရေးအတွက် စက်ယန္တရားကြီးများဖြင့် ဆောင်ရွက်နေမှု၊ မန္တလေးကန်တော်ကြီးဒေသ သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ၊ ရတနာပုံတက္ကသိုလ်အဝင် တောင်သမန်ကန်ပတ်လမ်းတစ်လျှောက် လမ်းသားအကျယ် တိုးချဲ့၍ ကတ္တရာလမ်းခင်းဆောင်ရွက်နေမှုလုပ်ငန်းများ၊ ရန်ကုန်-မန္တလေး လမ်းမကြီးတစ်လျှောက် တံခွန်တိုင်တံတားမှ စက်မှုဇုန်(၂) ကနောင်မင်းသားကြီးလမ်းအထိ နိုင်လွန်ကတ္တရာလမ်းခင်း ဆောင်ရွက်ခြင်းလုပ်ငန်းများ၊ ပြည်ကြီးတံခွန်မြို့နယ် စက်မှုဇုန်(၂)အတွင်းရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ PVC ပိုက်စက်ရုံတည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ရှေးဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့သည် ချမ်းအေးသာစံမြို့နယ် ၈၆လမ်း၊ ၃၃လမ်းနှင့် ၃၄လမ်းကြားသို့ရောက်ရှိပြီး စက်ယန္တရားကြီးများဖြင့် ရွှေတံချောင်းမြောင်းအတွင်းမှ အမှိုက်သရိုက်အညစ်အကြေးများ၊ နုန်းမြေများ ဆယ်ယူရှင်းလင်းနေမှုလုပ်ငန်းများနှင့် ရပ်ကွက်များအတွင်း သန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်နေမှုလုပ်ငန်းများကိုလှည့်လည်ကြည့်ရှုစစ်ဆေးပြီး သန့်ရှင်းရေးဌာန ဌာနမှူးနှင့် တာဝန်ရှိသူများကို လုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

စိုက်ပျိုးထား

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် မန္တလေးကန်တော်ကြီးဒေသ သန့်ရှင်းသာယာလှပရေးလုပ်ငန်းနှင့် စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်နေမှုလုပ်ငန်းများကိုလည်းကောင်း၊ အမရပူရမြို့နယ်အတွင်းရှိ ရတနာပုံတက္ကသိုလ်အဝင် တောင်သမန် ကန်ပတ်လမ်းတစ်လျှောက်တွင် စက်ယန္တရားကြီးများဖြင့် လမ်းသားအကျယ် တိုးချဲ့၍ ကတ္တရာလမ်းခင်းဆောင်ရွက်ခြင်းလုပ်ငန်းနှင့် တောင်သမန်ကန်ပတ်လမ်းပတ်ဝန်းကျင် စိမ်းလန်းစိုပြည်သာယာလှပရေး လုပ်ငန်းများကိုလည်းကောင်း၊ ပြည်ကြီးတံခွန်မြို့နယ်အတွင်း တံခွန်တိုင်တံတားမှ စက်မှုဇုန်(၂) ကနောင်မင်းသားကြီးလမ်းအထိ နိုင်လွန်ကတ္တရာလမ်းခင်းဆောင်ရွက်ခြင်း စီမံကိန်းလုပ်ငန်းခွင်အတွင်း စက်ယန္တရားကြီးများဖြင့် လမ်းလုပ်ငန်းဆောင်ရွက်နေမှုများနှင့် လမ်းလယ်ကျွန်းများတွင် အရိပ်ရပင်များ စိုက်ပျိုးထားရှိမှုများကို လည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာဌာနမှူးများကို လုပ်ငန်းလိုအပ်ချက်များ မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

လျှပ်စစ်မီးရရှိရေး

ယင်းနောက် မြို့တော်ဝန်နှင့်အဖွဲ့သည် ပြည်ကြီးတံခွန်မြို့နယ် စက်မှုဇုန်(၂) အတွင်းရှိ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ PVC ပိုက်စက်ရုံ တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိလာရာ တာဝန်ရှိသူများက စက်ရုံအတွင်း PVC ပိုက် ထုတ်လုပ်သည့်စက်ကြီးများ ရောက်ရှိတပ်ဆင်နေမှုလုပ်ငန်းများ၊လျှပ်စစ်မီးရရှိရေးအတွက် စီမံဆောင်ရွက်ထားရှိမှုများနှင့် တည်ဆောက်ရေးလုပ်ငန်း ဆက်လက်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။ (**အပေါ်ပုံ**)

စက်လည်ပတ်ရန်

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် စက်ရုံအတွင်းရောက်ရှိနေသော PVC ပိုက် ထုတ်လုပ်သည့် စက်ကြီးများ စက်လည်ပတ်နိုင်ရန်အတွက် စီမံဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ခံအင်ဂျင်နီယာများအား လုပ်ငန်းလိုအပ်ချက်များ မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမောင်ဝင်း ဖေဖော်ဝါရီ၁၀ရက်က ပုဏ္ဏားကျွန်းမြို့ ယိုးတရပ်-ပြင်လျှားရှည်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းအတွက် မြေသားလမ်းအခြေအနေကို ကွင်းဆင်း ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်ကျော်ဆန်းနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးကောင်းမြတ်ထွေးတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် စည်ပင်)

မြို့နယ်သတင်းများ

နှစ် (၆၀)ပြည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ရခိုင်ပြည်နယ် ပေါက်တောမြို့နယ် မြင့်ဂါကျေးရွာ ကျေးလက်ရေကန်သစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၆ရက်က အဆိုပါရေကန်တွင် ကျင်းပရာ မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဇောလှနှင့် မြို့နယ်စည်ပင် သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်အေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

မုံရွာမြို့ ဘုရားကြီးရပ်ကွက် သီရိရတနာဈေးတွင် ဖေဖော်ဝါရီ ၂၃ရက်က မီးငြိမ်းသတ်ရေး သရုပ်ပြလေ့ကျင့်ကြစဉ်။ (က-ပ)

ဆရာအတတ်ပညာ ဒီပလိုမာအပ်နှင်းပွဲ တောင်ငူမြို့၌ကျင်းပ

တောင်ငူ မတ် ၁၀

တောင်ငူပညာရေးကောလိပ် နဝမအကြိမ်မြောက် ဆရာအတတ်ပညာ ဒီပလိုမာအပ်နှင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားကို မတ်၁ရက် နံနက်ပိုင်းက တောင်ငူပညာရေးကောလိပ် သီရိရတနာခန်းမ၌ ကျင်းပရာ တောင်ငူပညာရေးကောလိပ်အမှတ်စဉ် (၉/၀၄) ဒုတိယနှစ်နှင့် (၁၀/၀၅) ပထမနှစ် သင်တန်းသူ ၅၂၀တို့အား ပညာရေးကောလိပ်ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းမြင့်က ဆရာအတတ်ပညာဒီပလိုမာနှင့် အလုပ်ခန့် အပ်လွှာများ ပေးအပ်သည်။

ကျိုင်းတုံမြို့ ရေစီးရေလာကောင်းမွန်ရေးအတွက် ဖေဖော်ဝါရီ ၃ရက်က စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် ရပ်ကွက်ပြည်သူများပေါင်း၍ လွယ်မွေလမ်း ရေမြောင်းအတွင်း နုန်းများဆယ်ယူ ဆောင်ရွက်နေစဉ်။ (မြို့နယ်စည်ပင်)

တက်ရောက်

အဆိုပါ အခမ်းအနားသို့ တိုင်း၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့မှ ဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များ၊ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ နာယကများဖြစ်ကြသောသတင်းထောက်ဦးကျော်လှ၊ ဦးအောင်လင်းနှင့် အဖွဲ့ဝင်များ၊ ပညာရေးဌာနမှ ပုဂ္ဂိုလ်များ၊ သင်တန်းဆင်းကျောင်းသူများ၏ မိဘများ၊ပညာရေးကောလိပ်ကျောင်းအုပ်ကြီး၊လက်ထောက်ကျောင်းအုပ်များ၊ဆရာများနှင့်သင်တန်းသူများ တက်ရောက်ကြသည်။ **(၃၀၃)**

မြန်မာ့အသံနားဆင်စရာ

၁၃၆၈ ခုနှစ်
နှောင်းတန်ခူးလဆန်း ၅ ရက်
၂၂-၃-၂၀၀၇ (ကြာသပတေးနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ ဓဇဂ္ဂသုတ်)

နေ့လယ်ပိုင်း

၁၁း၁၅ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား (စီးပွားဖြစ် တည်းစိုက်ပျိုးနည်းအကြောင်း)

၁၁း၃၅ စာအုပ်စာပေလူ့မိတ်ဆွေ
(၁) တစ်ခါတုန်းကစစ်တက္ကသိုလ် (တက္ကသိုလ်မောင်သန့်ဇင်)
(၂) အောင်စိတ်ဖြင့် ထူးချွန်စွာအောင်မြင်နည်း (လယ်တွင်းသားစောချစ်)

၁၂း၀၀ သိပ္ပံပညာသိကောင်းစရာ (နားနေခြင်း၏ အကျိုးကျေးဇူး-မောင်ဆုရှင်)

၁၂း၃၀ အစာနှင့် အာဟာရ (မာလာငါး)

၁၂း၄၀ ကျန်းမာရေးရာပြန်ကြားလွှာ

ညနေပိုင်း

၁၆း၃၀ နိုင်ငံတကာစီးပွားရေးသတင်းပဒေသာ

၁၇း၀၀ (၆၁)နှစ်မြောက် တပ်မတော်နေ့ဆုရတေးများ

၁၇း၁၅ သုတကမ္ဘာ

၁၈း၂၅ သံစဉ်တေးသွား မေတ္တာစကား
(၁) အုံ့ပုန်းချစ်နဲ့နေရတော့မှာလား (အညာသားအေးလွင်)
(၂) ရှင်ဘယ်တုန်းက ချစ်တတ်နေသလဲ (ချစ်စပယ်)

၁၈း၄၅ အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝန်ဦးဘုန်းမြင့်)

၁၉း၁၅ ဇာတ်လမ်းပမာနားဆင်စရာ (အမိအဖတို့နေရာ)

၁၉း၃၀ ခေတ်မရွေးသောတေးများ
(၁) ပြောလိုက်ပါစန္ဒာ (ရီရီခင်)
(၂) နွဲ့ဆိုး (ကိုမြကြီး)
(၃) ချစ်မြားရှင် (ကြည်ကြည်ဝင်း)

၂၀း၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) အချစ်ရေ (စောင်းသိန်းဖေ)
(၂) ခရေပင်အောက်က ပိတောက်ချစ်သူ (ညွန့်ညွန့်စိန်)
(၃) အုန်းစက်ပါ့ ဘုန်းလက်ယာဝယ် (ကိုကျော်ညွန့်)

တပ်မတော်နေ့ကိုဂုဏ်ပြုပေ ၁၈၀အထက် ၂၂၃ စင်းမြောက် ဖျာပုံတံတားကြီးဖွင့်လှစ်
မြန်မာအင်ဂျင်နီယာများ၏ စွမ်းပကားဖြင့် မြန်မာ့စက်ရုံထုတ် သံပေါင်းများဖြင့် ဆောက်လုပ်ထား

ရှေ့ဖုံးမှ

ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ တံတားတည်ဆောက်ရေး စီမံကိန်း အထူးအဖွဲ့(၇)မှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဘင်ခရာ၊ ပန်းဖွားနှင့် မင်္ဂလာစည်တော်အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှု ဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် *စာမျက်နှာ ၆ ကော်လံ ၁* ✡

လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှု ဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဖျာပုံတံတား ကမ္ဗည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေ အနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက် အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပရိသတ်များ နှစ်သက်သဘောကျစေမည့် အဖေတူသား ရုပ်မြင်သံကြားဇာတ်လမ်း
(၆၂)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုထုတ်လွှင့်မည်

တွေ့ဆုံမေးမြန်းသူ - မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ - တင်စိုး (မြန်မာ့အလင်း)

ရန်ကုန် မတ် ၂၀

(၆၂)နှစ်မြောက် တပ်မတော်နေ့ ရောက်တော့မည်။ တပ်မတော်နေ့ကိုကြိုဆိုဂုဏ်ပြုသော ရုပ်မြင်သံကြားဇာတ်လမ်းဖြစ်သည့် **"အဖေတူသား"** အမည်ရှိ ရုပ်မြင်သံကြားဇာတ်လမ်းလည်း ရိုက်ကူးပြီးစီးနေပြီဖြစ်သည်။ မြန်မာ့ရုပ်မြင်သံကြားနှင့် မြဝတီရုပ်မြင်သံကြားတို့မှလည်း ဇာတ်လမ်းမိတ်ဆက်အဖြစ် တွေ့ဆုံမေးမြန်းခန်းများ ကြိုတင်ထုတ်လွှင့်နေမှုကြောင့် ပြည်သူများစိတ်ဝင်စားလျက်ရှိနေသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❒

တပ်ကြပ်ကြီးရဲတင့် (အကယ်ဒမီလူမင်း)နှင့် သားဖြစ်သူ ပြည်ငြိမ်းအေး(အကယ်ဒမီမင်းမော်ကွန်း)တို့၏ တိုက်ပွဲဝင် ဇာတ်ဝင်ခန်း တစ်ခန်းကလည်း စိတ်လှုပ်ရှားဖွယ်ရာ။

(၆၂)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု အဖေတူသား ဇာတ်လမ်းထုတ်လွှင့်မည်

ရန်ကုန် မတ် ၂၀

(၆၂)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် တင်အောင်စိုး–ပန်းမြို့တော်၏ဝတ္ထုကို အကယ်ဒမီငြိမ်းမင်း ဇာတ်ညွှန်းရေးသား၍ ဒါရိုက်တာ အကယ်ဒမီပန်းချီစိုးမိုးရိုက်ကူးသည့် **"အဖေတူသား"** ရုပ်မြင်သံကြားဇာတ်လမ်းကို မြန်မာ့ရုပ်မြင်သံကြားနှင့် မြဝတီရုပ်မြင်သံကြားတို့မှ မတ်၂၃ ရက်မှ ၂၆ ရက်အထိ အပိုင်းလေးပိုင်းခွဲ၍ ညစဉ် ည ၉ နာရီတွင် တစ်ပြိုင်တည်း ထုတ်လွှင့်ပြသမည်ဖြစ်သည်။

"အဖေတူသား" ဇာတ်လမ်းတွင် လွတ်လပ်ရေးကို ပြည်သူတို့နှင့်လက်တွဲအရယူပေးခဲ့သည့် တပ်မတော်၊ လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်နေသည့် တပ်မတော်၊ ပြည်သူ့ရန်စွယ်အန္တရာယ်အသွယ်သွယ်ကို တိုက်ခိုက်ချေမှုန်းလျက်ရှိသည့် တပ်မတော်၊ ပြည်သူ့သားသမီးများနှင့် ဖွဲ့စည်းထားသည့်တပ်မတော်ဖြစ်ကြောင်း ရိုက်ကူးတင်ပြထားသည့်အပြင် တပ်မတော်သားတို့၏ ရဲစွမ်းသတ္တိနှင့် စွန့်လွှတ် စွန့်စားမှု၊ ဇနီး၊ သား၊ သမီး၊ ဆွေမျိုးသားချင်းတို့၏ပံ့ပိုး ကူညီပေးမှုများကိုပေါ်လွင်အောင်ဖော်ကျူးထားသည်။

၎င်းဇာတ်လမ်းတွင် အကယ်ဒမီ လူမင်း၊ အကယ်ဒမီ မင်းမော်ကွန်း၊ အကယ်ဒမီ ဇင်ဝိုင်း၊ နေမျိုးအောင်၊ ထွန်းထွန်း (Examplez)၊ အကယ်ဒမီပန်းဖြူ၊ အကယ်ဒမီနန္ဒာလှိုင်၊ အကယ်ဒမီမေသဥ္ဇာဦး၊ သက်မွန်မြင့်နှင့် သရုပ်ဆောင်များစွာအပြင် တပ်မတော်သားများ ပါဝင်သရုပ်ဆောင်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း (၆၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုကြိုဆို

တိုင်းရင်းသား ပြည်သူများအကြားမှ ပေါက်ဖွားလာတဲ့ ပြည်သူ့တပ်မတော်။
ခင်ဝင်းစံ၏ဆောင်းပါး (စာ–၄)

အစဉ်အလာကောင်းသည့် တပ်မတော်။
မြင်းမူမောင်နိုင်မိုး၏ ကဗျာ (စာ–၅)

တပ်နှင့်ပြည်သူ လက်တွဲကူ ဘယ်သူရန်မူဝံ့မည်နည်း။
ရဲမင်းထက်၏ ကာတွန်း (စာ–၅)